# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ညွှန်ကြားချက်အမှတ်(၁၈/၂၀၁၉)
## ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်သူအပေါ်အလေးထားစိစစ်ခြင်းညွှန်ကြားချက်

**(၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်)**
**၂၀၁၉ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်**

### နိဒါန်း

၁။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆၉(ဂ) နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၄ဂ တွင် အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များသို့ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

### နောက်ခံအချက်အလက်များ

၂။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲနိုင်ရန်အတွက် ထိရောက်သောမူဘောင်များနှင့် လုပ်ထုံးလုပ်နည်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ သို့ဖြစ်၍ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် မိမိတို့နှင့်ဆက်သွယ်ဆောင်ရွက်သူများအား သိရှိရန် (know your customer-KYC) အတွက် လုံလောက်သည့် ထိန်းချုပ်ကွပ်ကဲမှုနှင့် လုပ်ထုံးလုပ်နည်းများထားရှိရမည်။ ယင်းအတွက် ရှိရင်းစွဲဆက်သွယ်ဆောင်ရွက်သူများနှင့် ဆက်သွယ်ဆောင်ရွက်သူအသစ်များအား အလေးထားစိစစ်ဆောင်ရွက်ခြင်းသည် အဓိကကျသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည် မိမိတို့နှင့်ဆက်သွယ်ဆောင်ရွက်သူအား လုံလောက်သော အလေးထားစိစစ်ဆောင်ရွက်ခြင်းမရှိလျှင် နာမည်ဂုဏ်သတင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေ၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာဆုံးရှုံးနိုင်ခြေ၊ ဥပဒေရေးရာနှင့် ဆက်စပ်သက်ရောက်မှုရှိသည့် ဆုံးရှုံးနိုင်ခြေများမှတစ်ဆင့် ငွေရေးကြေးရေးဆုံးရှုံးမှုများ ဖြစ်ပေါ်လာမည်ကို ဂရုပြုရန် လိုအပ်ပါသည်။

### အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၃။ ဤညွှန်ကြားချက်တွင် အောက်ဖော်ပြပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်သည်-

(က) **ဥပဒေ**ဆိုသည်မှာ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့သော ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို ဆိုသည်။

(ခ) **ဘဏ်**ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၂ (ဂ) အရ ဖွဲ့စည်းတည်ထောင်ထားသည့် ဘဏ်ကိုဆိုသည်။

(ဂ) **ဆက်သွယ်ဆောင်ရွက်သူအပေါ်အလေးထားစိစစ်ခြင်း (Customer Due Diligence)** ဆိုသည်မှာ ဥပဒေပုဒ်မ ၃ (ပ) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားပြီး ဤညွှန်ကြားချက်အပိုဒ် ၉ မှ ၃၈ အထိတွင်ဖော်ပြထားသည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကိုဆိုသည်။

(ဃ) **လုပ်ငန်းဆက်ဆံဆောင်ရွက်မှု (Business relationship)** ဆိုသည်မှာ ဘဏ်တစ်ခု၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆက်နွှယ်နေသော ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ သို့မဟုတ် လုပ်ငန်းဆိုင်ရာ ဆက်ဆံဆောင်ရွက်ချက် တစ်ရပ်ရပ်ကိုဆိုသည်။ ၎င်းသည် အချိန်ကာလတစ်ရပ်အတွင်း ဆက်ဆံဆောင်ရွက်ခြင်းဖြစ်သည်။

(င) **ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (FIU)** ဆိုသည်မှာ ဥပဒေပုဒ်မ ၉ အရ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ဖွဲ့စည်းတည်ထောင်ထားသည့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ကို ဆိုသည်။

(စ) **PEP** ဆိုသည်မှာ ဥပဒေပုဒ်မ ၃ (ဠ) နှင့် (ဍ) တို့တွင်အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ဩဇာတိက္ကမရှိသူများကို ဆိုသည်။

(ဆ) **FATF** ဆိုသည်မှာ ငွေရေးကြေးရေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ကို ဆိုသည်။

(ဇ) **ငွေလွှဲပေးပို့မှုကိုဆောင်ရွက်သည့်ဘဏ် (Ordering Bank)** ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းကိုယ်စား ငွေကြေးလွှဲပြောင်းပေးပို့သည့် ဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းကိုဆိုသည်။

(ဈ) **အဆက်အသွယ်ဘဏ်လုပ်ငန်း(Correspondent banking)** ဆိုသည်မှာ ဘဏ်တစ်ခုမှ သတ်မှတ်ထားသည့်အတိုင်း ချေးငွေ၊ အပ်နှံငွေ၊ ကောက်ခံခြင်း၊ စာရင်းရှင်းလင်းခြင်း သို့မဟုတ် ငွေပေးချေမှုဆိုင်ရာလုပ်ငန်းများကို အခြားဘဏ်သို့ ဆောင်ရွက်ပေးခြင်းကိုဆိုသည်။

(ည) **အကျိုးစီးပွားများကို ကိုယ်စားပြုစီစဉ်ဆောင်ရွက်ပေးသူ (Settlor)** ဆိုသည်မှာ ယုံကြည်အပ်နှံသည့်စာချုပ်တစ်ရပ် သို့မဟုတ် အလားတူအစီအစဉ်တစ်ရပ်ဖြင့် ၎င်း၏ ပိုင်ဆိုင်ခွင့်ကို ယုံကြည်အပ်နှံခံရသူထံလွှဲပြောင်းပေးသူ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ကို ဆိုသည်။

(ဋ) **ယုံကြည်အပ်နှံခံရသူ (Trustee)** ဆိုသည်မှာ ဟိတ်ကွန်ဗင်းရှင်း “Convention on the Law Applicable to Trusts and on their Recognition” အပိုဒ် (၂) နှင့်အညီ ယုံကြည်အပ်နှံခြင်းနှင့် ဤအချက်အရအသိအမှတ်ပြုခြင်းတို့အတွက် “The Trusts

Act, 1904" တွင်ဖော်ပြထားသည့်အတိုင်းဖြစ်သည်။ ယုံကြည်အပ်နှံခံရသူအဖြစ် ရှေ့နေ သို့မဟုတ် ယုံကြည်အပ်နှံခံရသည့်ကုမ္ပဏီစသည်ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာကျွမ်းကျင်သူများသော်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာကျွမ်းကျင်သူမဟုတ်သူများသော်လည်းကောင်း ပါဝင်နိုင်သည်။

(ဌ) **အကျိုးခံစားခွင့်ရှိသူပိုင်ရှင် (Beneficial Owner)** ဆိုသည်မှာ မူရင်းပိုင်ဆိုင်သူကိုဖြစ်စေ၊ ဆက်သွယ်ဆောင်ရွက်သူတစ်ဦးအား ထိန်းချုပ်သူ သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုတစ်ခုခုကို မိမိကိုယ်စား အခြားသူတစ်ဦးက ဆောင်ရွက်စေသူကိုဖြစ်စေ ဆိုသည်။ ယင်းစကားရပ်တွင် ဥပဒေရေးရာပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု (Legal Person or arrangement) ကို ထိရောက်သော ထိန်းချုပ်မှုပြုသည့်သူတစ်ဦးအပါအဝင် ပိုင်ဆိုင်မှုအဆင့်ဆင့် သို့မဟုတ် တိုက်ရိုက်ထိန်းချုပ်ခြင်းမဟုတ်သည့် အခြားနည်းလမ်းများဖြင့် အဆုံးစွန်ထိရောက်သောထိန်းချုပ်မှု (Ultimate effective control)လည်းပါဝင်သည်။

(ဍ) **အကျိုးခံစားခွင့်ရှိသူ (Beneficiary)** ဆိုသည်မှာ-

(၁) ဤညွှန်ကြားချက်အပိုဒ် ၃၁ (ခ) တွင် ဖော်ပြထားသည့် ယုံကြည်အပ်နှံဆောင်ရွက်သည့် အစီအစဉ်တစ်ရပ်ရပ်အရ အကျိုးခံစားခွင့်ရှိသူများကို ဆိုသည်။ အကျိုးခံစားခွင့်ရှိသူတွင် လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများ သို့မဟုတ် အစီအစဉ်များ ပါဝင်နိုင်သည်၊

(၂) ဤညွှန်ကြားချက်၏ ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲပြောင်းခြင်းမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများပါကိစ္စရပ်များအတွက် ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲပေးပို့ခြင်းအတွက် ငွေလွှဲပေးပို့သူက ငွေလွှဲလက်ခံမည့်သူအဖြစ် သတ်မှတ်ပေးသည့် လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများကို ဆိုသည်။

(ဎ) **ငွေလွှဲပေးပို့သူ (Originator)** ဆိုသည်မှာ ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်သူ သို့မဟုတ် ငွေစာရင်းဖွင့်လှစ်ထားခြင်းမရှိသော်လည်း ဘဏ်အား ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲပြောင်းပေးပို့ပေးရန် ညွှန်ကြားသူလူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုကို ဆိုသည်။

(ဏ) **ပေးချေမှုအတွက်တစ်ဆင့်အသုံးပြုသောဘဏ်ငွေစာရင်း**ဆိုသည်မှာ တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ၎င်းတို့ကိုယ်တိုင် သို့မဟုတ် ၎င်းတို့ကိုယ်စား စီးပွားရေးဆိုင်ရာလွှဲပြောင်း ဆောင်ရွက်မှုများအတွက် တိုက်ရိုက်အသုံးပြုသည့် အဆက်အသွယ်ဘဏ်ငွေစာရင်းကိုဆိုသည်။

**မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများချမှတ်အကောင်အထည်ဖော်ခြင်း**

၄။ ဥပဒေပုဒ်မ၂၈နှင့်အညီ ဘဏ်များသည် ထိန်းချုပ်ကွပ်ကဲမှုနှင့်စနစ်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဌာနတွင်းမူဝါဒများကို ချမှတ်အကောင်အထည်ဖော်ရမည်။ အဆိုပါဌာနတွင်းမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စနစ်များနှင့် ထိန်းချုပ်မှုများသည် အောက်ဖော်ပြပါ လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်နိုင်ရမည်-

(က) ဆက်သွယ်ဆောင်ရွက်သူနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၏ ဆုံးရှုံးနိုင်ခြေအား အကဲဖြတ်သုံးသပ်ရန်၊

(ခ) အခါအားလျော်စွာ လာရောက်သည့် ဆက်သွယ်ဆောင်ရွက်သူအပါအဝင် ဆက်သွယ်ဆောင်ရွက်သူများနှင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်တို့အား မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ဖော်ထုတ်ရန်နှင့် အတည်ပြုရန်၊

(ဂ) ဆက်သွယ်ဆောင်ရွက်သူအား အလေးထားစိစစ်ခြင်း ဆောင်ရွက်ရန်၊

(ဃ) လုပ်ငန်းဆောင်ရွက်ချက်များနှင့် စီးပွားရေးလုပ်ငန်းဆက်နွယ်နေမှုတို့နှင့်စပ်လျဥ်း၍ ဆက်သွယ်ဆောင်ရွက်သူအပေါ် စဉ်ဆက်မပြတ်အလေးထားစိစစ်ခြင်း ဆောင်ရွက်သွားရန်၊

(င) PEP အပါအဝင် ဆုံးရှုံးနိုင်ခြေမြင့်မားသော ဆက်သွယ်ဆောင်ရွက်သူများအပေါ် အလေးထားစိစစ်ခြင်းအား တိုးမြှင့်ဆောင်ရွက်ရန်၊

(စ) ဆက်သွယ်ဆောင်ရွက်သူများ၏ သတင်းအချက်အလက်နှင့် လုပ်ငန်းဆောင်ရွက်ချက်များအား မှတ်တမ်းပြု၍ ထိန်းသိမ်းထားရှိရန်၊

(ဆ) ဥပဒေပုဒ်မ ၂၁ အရ လုပ်ငန်းဆောင်ရွက်ချက်များကို အမြဲစောင့်ကြည့်စစ်ဆေးရန်၊

(ဇ) ဥပဒေပုဒ်မ ၃၂ နှင့် ၃၄ တို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ရန်၊

(ဈ) ဌာနတွင်းမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စနစ်များနှင့်ထိန်းချုပ်ကွပ်ကဲခြင်းများ၏ သေချာစွာဆောင်ရွက်မှု ရှိ မရှိကို သီးခြားလွတ်လပ်သည့် စာရင်းစစ်အဖွဲ့နှင့် စစ်ဆေး၍ ပြန်လည်သုံးသပ်ခြင်းတို့ဆောင်ရွက်ရန်၊

(ည) ဤညွှန်ကြားချက်နှင့်ဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ ဥပဒေပါပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရာတွင် သေချာမှုရှိစေရန်အတွက် အကြီးတန်းစီမံခန့်ခွဲမှုအဆင့်ရှိသော လိုက်နာဆောင်ရွက်ရေးအရာရှိ (Compliance Officer) တစ်ဦး ခန့်ထားရန်၊

(ဋ) ဝန်ထမ်းသစ်များခန့်ထားရာတွင် ယုံကြည်စိတ်ချရမှုရှိသော ဝန်ထမ်းများအား မြင့်မားသော စံသတ်မှတ်ချက်ထား၍ ရွေးချယ်ခန့်ထားရန်၊

(ဌ) လက်ရှိနှင့်အသစ်ခန့်ထားသည့် စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်သူများ သို့မဟုတ် အုပ်ချုပ်သူများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဒါရိုက်တာများ၊ ဝန်ထမ်းများအားလုံးကို စဉ်ဆက်မပြတ် လေ့ကျင့်သင်တန်းပေးရန်၊

(ဍ) ဗဟိုဘဏ်နှင့် အခြားကြပ်မတ်ကွပ်ကဲသည့် အာဏာပိုင်များမှ သတ်မှတ်သည့် အခြားအစီအစဉ်များ ဆောင်ရွက်ရန်။

၅။ ဘဏ်သည် မိမိတို့ချမှတ်အကောင်အထည်ဖော်သည့် ဌာနတွင်းမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စနစ်များနှင့် ထိန်းချုပ်ကွပ်ကဲမှုများနှင့်စပ်လျဉ်း၍-

(က) ဘဏ်၏ အရွယ်အစား၊ သဘောသဘာဝ၊ လုပ်ငန်းဆောင်ရွက်မှုအတိုင်းအတာတို့နှင့် ကိုက်ညီမှုရှိရမည်၊

(ခ) ဘဏ်၏ ပြည်တွင်းနှင့် ပြည်ပရှိဘဏ်ခွဲများနှင့် လက်အောက်ခံဘဏ်များအားလုံးက လိုက်နာကျင့်သုံးနိုင်ရန် ဆောင်ရွက်ထားရမည်၊

(ဂ) အချိန်နှင့်တစ်ပြေးညီဖြစ်စေရန် ပြုပြင်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့ကို ပုံမှန် ဆောင်ရွက်ရမည်၊

(ဃ) ဗဟိုဘဏ်က တောင်းခံသည့်အခါ ရရှိနိုင်အောင် စီစဉ်ဆောင်ရွက်ထားရမည်။

## ဆုံးရှုံးနိုင်ခြေအကဲဖြတ်ဆောင်ရွက်ခြင်း

၆။ (က) ဘဏ်သည် နည်းပညာအသစ်များ သို့မဟုတ် ဝန်ဆောင်မှုအသစ်များနှင့် ချိတ်ဆက်ဖြစ်ပေါ်လာသော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများအားလုံးကို သတ်မှတ်ဖော်ထုတ်ခြင်း၊ စိစစ်အကဲဖြတ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကုစားခြင်းတို့အတွက် အစီအစဉ်များ ချမှတ်ထားရမည်။

(ခ) ဆုံးရှုံးနိုင်ခြေစိစစ်အကဲဖြတ်ခြင်းနှင့် သတိပြုရမည့် သတင်းအချက်အလက်များကို စာဖြင့်ရေးသားမှတ်တမ်းတင်ရမည်ဖြစ်ပြီး ဗဟိုဘဏ်က တောင်းခံလာသည့်အခါ ချက်ချင်းတင်ပြနိုင်ရန် အချိန်နှင့်တစ်ပြေးညီ ရယူပြုစုထားရမည်။

(ဂ) အပိုဒ်(က) ပါ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို အကဲဖြတ်ရာတွင် ဘဏ်သည် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းစဉ်းစား၍ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ သတ်မှတ်ဖော်ထုတ်ရန်၊ အကဲဖြတ်စိစစ်ရန်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊ စီမံခန့်ခွဲရန်နှင့် ကုစားရန်တို့အတွက် လုပ်ငန်းစဉ်များထားရှိရမည်-

(၁) ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာဆုံးရှုံးနိုင်ခြေ၊

(၂) ပထဝီအနေအထားဆိုင်ရာ ဆုံးရှုံးနိုင်ခြေ (မိမိဆက်သွယ်ဆောင်ရွက်သူ၏ လုပ်ငန်းဆောင်ရွက်သည့်နေရာ သို့မဟုတ် နိုင်ငံများ သို့မဟုတ် လုပ်ငန်း

ဆောင်ရွက်ချက်များစတင်သည့် သို့မဟုတ် ပြီးဆုံးရောက်ရှိသည့်နေရာ/ အရပ်ဒေသ)၊

(၃) ဝန်ဆောင်မှုနှင့်ဆောင်ရွက်မှုများဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ (ဆက်သွယ် ဆောင်ရွက်သူများသို့ပေးသည့် ဝန်ဆောင်မှုနှင့် ဆောင်ရွက်မှုဆိုင်ရာကမ်းလှမ်း ချက်များမှပေါ်ပေါက်လာသည့် ဆုံးရှုံးနိုင်ခြေများ)၊

(၄) ဆက်သွယ်ဆောင်ရွက်သူများသို့ ဝန်ဆောင်မှုနှင့် ဆောင်ရွက်မှုပေးပို့သည့် လမ်းကြောင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ။

၇။ အထက်အပိုဒ် ၆(ဂ) တွင် ဖော်ပြထားသည့် ဆုံးရှုံးနိုင်ခြေအကြောင်းအချက်များအရ ဘဏ် အနေဖြင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရမည်။ ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အကြောင်းအချက်အလက်များတွင် အောက်ဖော်ပြပါတို့ ပါဝင်ပါသည်-

(က) ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ ဆုံးရှုံးနိုင်ခြေအကြောင်းအချက်များ-

(၁) ပုံမှန်မဟုတ်သည့်အခြေအနေများတွင် လုပ်ငန်းဆက်သွယ်ဆောင်ရွက်ချက် များကို ဆောင်ရွက်ခြင်း၊

(၂) နိုင်ငံသားမဟုတ်သည့် ဆက်သွယ်ဆောင်ရွက်သူများ၊

(၃) တတိယပုဂ္ဂိုလ်၏ ရရန်ပိုင်ခွင့်များကို စီမံခန့်ခွဲသည့်ဥပဒေဆိုင်ရာ အစီအစဉ် များ သို့မဟုတ် ဥပဒေအရဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်းများ၊

(၄) အစုရှယ်ယာပိုင်ရှင်သတ်မှတ်ထားရှိသည့် ကုမ္ပဏီ သို့မဟုတ် ကိုင်ဆောင်သူ အားပေးရမည့် ရှယ်ယာထုတ်ဝေသည့်ကုမ္ပဏီများ၊

(၅) ငွေသားအမြောက်အမြားသုံးစွဲသော (Cash-Intensive) ဆောင်ရွက်ချက်များ သို့မဟုတ် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအတွက် သံသယဖြစ်ဖွယ်များ၊

(၆) ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်း ဆောင်ရွက်ချက်နှင့် ယင်း၏ ပိုင်ဆိုင်မှုဖွဲ့စည်းပုံ သည်ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော သို့မဟုတ် သိသာထင်ရှားစွာ စီးပွားရေး သဘောမဆန်သော အလွန်အမင်းရှုပ်ထွေးသည့် သို့မဟုတ် ပုံမှန်မဟုတ်သည့် အခြေအနေများ၊

(၇) ဥပဒေပုဒ်မ ၃၁(က) အရ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ရမည့်အချက်များကို လုံလောက်စွာ လိုက်နာဆောင်ရွက်ခြင်းမရှိသည့်နိုင်ငံများဟု FIU က သတ်မှတ် ဖော်ထုတ်ထားသည့် နိုင်ငံများအတွင်း သို့မဟုတ် နိုင်ငံများနှင့်ဆောင်ရွက် သည့် လုပ်ငန်းဆောင်ရွက်ချက်များ၊

(၈) PEP သို့မဟုတ် ၎င်းတို့နှင့်ဆက်စပ်မှုရှိသည့် ဆက်သွယ်ဆောင်ရွက်သူများ၊

(၉) အလွန်အမင်းကြွယ်ဝသော ဆက်သွယ်ဆောင်ရွက်သူများ သို့မဟုတ် ရရန်ပိုင်ခွင့် သို့မဟုတ် ဝင်ငွေအရင်းအမြစ်များ ရှင်းလင်းမှုမရှိသည့် ဆက်သွယ်ဆောင်ရွက်သူများ၊

(၁၀) FATF သို့မဟုတ်မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု(AML/CFT) ဆိုင်ရာ ဆုံးရှုံးနိုင်ခြေမြင့်မားသည်ဟု သတ်မှတ်ဖော်ထုတ်ထားသည့် လုပ်ငန်းများနှင့် ဆောင်ရွက်ချက်များ။

(ခ) နိုင်ငံ သို့မဟုတ် ပထဝီအနေအထားဆိုင်ရာ ဆုံးရှုံးနိုင်ခြေအကြောင်းအချက်များ–

(၁) နိုင်ငံအချင်းချင်းအပြန်အလှန်သုံးသပ်အကဲဖြတ်ခြင်း အစီရင်ခံစာနှင့် အများပြည်သူသို့ထုတ်ဝေသည့် နောက်ဆက်တွဲ အစီရင်ခံစာများကဲ့သို့သော ခိုင်မာသည့် အရင်းအမြစ်များအရ လုံလောက်သော ML/TF တိုက်ဖျက်ရေးစနစ်မရှိဟု ခွဲခြားသတ်မှတ်ခံထားရသည့် နိုင်ငံများ၊

(၂) ဆုံးရှုံးနိုင်ခြေမြင့်မားသည့်နိုင်ငံများအဖြစ် FATF သို့မဟုတ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ သို့မဟုတ် FIU သို့မဟုတ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ဖော်ထုတ်ထားသည့် နိုင်ငံများ၊

(၃) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကဲ့သို့သော အဖွဲ့အစည်းများက ကုန်သွယ်မှုမပြုရန် တားမြစ်ပိတ်ပင်ချက်နှင့် အလားတူအရေးယူဆောင်ရွက်ရန် ထုတ်ပြန်ခြင်းခံရသည့်နိုင်ငံများ၊

(၄) ရာဇဝတ်ပြစ်မှုဖြစ်ပွားမှု သို့မဟုတ် အဂတိလိုက်စားမှုမြင့်မားသည့် နိုင်ငံများဖြစ်ကြောင်း ခိုင်မာသည့်အရင်းအမြစ်များအရ သတ်မှတ်ခံထားရသည့်နိုင်ငံများ၊

(၅) အကြမ်းဖက်ဆောင်ရွက်မှုများကို ပံ့ပိုးကူညီသည် သို့မဟုတ် ငွေကြေးထောက်ပံ့သည် သို့မဟုတ် ၎င်းတို့၏ နိုင်ငံအတွင်း အကြမ်းဖက်အဖွဲ့အစည်းများ လှုပ်ရှားဆောင်ရွက်နေသည်ဟု ခိုင်မာသည့် အရင်းအမြစ်များအရ ခွဲခြားသတ်မှတ်ထားသည့် နိုင်ငံများ သို့မဟုတ် အရပ်ဒေသများ။

(ဂ) ဝန်ဆောင်မှု၊ ဆောင်ရွက်မှု၊ လုပ်ငန်းဆောင်ရွက်ချက်များ သို့မဟုတ် ဝန်ဆောင်မှုဖြန့်ဖြူးသည့် လမ်းကြောင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေအကြောင်းအချက်များ–

(၁) ပုဂ္ဂလိကအတွက် သီးသန့်ဝန်ဆောင်မှုပေးသည့် ဘဏ်လုပ်ငန်းများ၊

(၂) မည်သူမည်ဝါမှဆောင်ရွက်ကြောင်းမသိရှိနိုင်သော (Anonymous Transactions) ဘဏ်လုပ်ငန်းဆောင်ရွက်မှုများ၊

(၃) မည်သူမည်ဝါဟု သတ်မှတ်ဖော်ထုတ်နိုင်ရန် အကောင်အထည်ဖော်ပြနိုင်ခြင်း မရှိသည့် ဆက်သွယ်ဆောင်ရွက်သူများသို့ ဆောင်ရွက်ပေးသည့် ဘဏ်စာရင်းများဖွင့်လှစ်ခြင်း၊ လုပ်ငန်းဆက်သွယ်ဆောင်ရွက်ခြင်း သို့မဟုတ် ဘဏ်လုပ်ငန်းဆောင်ရွက်ခြင်းများ၊

(၄) ဆက်နွယ်ပတ်သက်ခြင်းမရှိသော သို့မဟုတ် မည်သူမည်ဝါဟု သိရှိခြင်းမရှိသော တတိယလူပုဂ္ဂိုလ်များထံမှ လက်ခံရရှိသည့် ငွေပေးချေမှုများ၊

(၅) ရှုပ်ထွေးသည့်ကုန်သွယ်မှုအတွက် ငွေကြေးဖြည့်ဆည်းပေးသည့် ဝန်ဆောင်မှုများ။

၈။ ဤညွှန်ကြားချက်အပိုဒ် ၆ နှင့် ၇ ပါ ဆုံးရှုံးနိုင်ခြေအကဲဖြတ်စိစစ်ခြင်းအပေါ် အခြေခံ၍ ဘဏ်သည် အောက်ဖော်ပြပါ ဆုံးရှုံးနိုင်ခြေလျော့ပါးစေသည့် ဆောင်ရွက်ချက်များကို ချမှတ်ဆောင်ရွက်ရမည်-

(က) ဆက်သွယ်ဆောင်ရွက်သူ၊ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၊ အကျိုးခံစားခွင့်ရှိသူနှင့် ဆောင်ရွက်ချက်တို့နှင့် သက်ဆိုင်သော ထပ်တိုးသတင်းအချက်အလက်များရယူခြင်း၊

(ခ) ဆက်သွယ်ဆောင်ရွက်သူနှင့်ဆောင်ရွက်ချက်များအပေါ် ဆုံးရှုံးနိုင်ခြေအနည်းအများ သတ်မှတ်ချက်နှင့် စာတမ်းအမှတ်အသားပြုစုခြင်းကို အောက်ပါအချက်များအပေါ် အခြေခံ၍ပြုလုပ်ရမည်-

(၁) ဘဏ်စာရင်းတစ်ခု သို့မဟုတ် ဆက်သွယ်ဆောင်ရွက်ချက်တစ်ခု ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်၊

(၂) ဆက်သွယ်ဆောင်ရွက်သူတစ်ဦးက ဘဏ်နှင့်ဆောင်ရွက်ဖွယ်ရှိသည့် စီးပွားရေးလုပ်ငန်း၊

(၃) ဆက်သွယ်ဆောင်ရွက်သူ၏ ဓနဥစ္စာနှင့် ဝင်ငွေရလမ်းဇစ်မြစ်၊

(၄) ဆက်သွယ်ဆောင်ရွက်သူနှင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်တို့၏ အသိပညာရှိမှု၊

(ဂ) ဆုံးရှုံးနိုင်ခြေမြင့်မားသည့်ဆက်သွယ်ဆောင်ရွက်သူများအား ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရန်၊

(ဃ) ဆက်သွယ်ဆောင်ရွက်သူများအားလုံး၏ သတင်းအချက်အလက်များအား ပုံမှန်ထက်ပို၍ အချိန်နှင့်တစ်ပြေးညီပြုစုထားရန်၊

(င) ဆက်သွယ်ဆောင်ရွက်သူ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့်စပ်လျဉ်းသည့် ပမာဏ၊ အမျိုးအစားနှင့် အကြိမ်အရေအတွက်တို့ကို အမြဲမပြတ်စောင့်ကြပ်ကြည့်ရှုရန်၊

(စ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ သို့မဟုတ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ သို့မဟုတ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့က ပြဋ္ဌာန်းသတ်မှတ်သည့် အခြား အရေးယူဆောင်ရွက်မှုများကို ချမှတ်အကောင်အထည်ဖော်ရန်။

**ဆက်သွယ်ဆောင်ရွက်သူသည် မည်သူမည်ဝါဖြစ်ကြောင်းသတ်မှတ်ဖော်ထုတ်ခြင်းဆိုင်ရာ လိုအပ်ချက်များ**

၉။ ဘဏ်သည် မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်ခြင်းမရှိသည့် အမည်များ၊ အက္ခရာများကို အသုံးပြုခြင်း သို့မဟုတ် ခွဲခြားသိရှိနိုင်ခြင်းမရှိသည့် ဖန်တီးထားသည့်အမည်ဖြင့် ဘဏ်စာရင်းများကို ဖွင့်လှစ်ခြင်း သို့မဟုတ် ထိန်းသိမ်းပေးခြင်း မပြုလုပ်ရ။

၁၀။ ဥပဒေပုဒ်မ ၁၉ နှင့် ဤညွှန်ကြားချက်အပိုဒ် ၉၊ ၁၀ နှင့် ၁၁ တို့အရ ဘဏ်သည် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်အပါအဝင် ၎င်းတို့နှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ မှန်ကန်သောအချက်အလက်များကို သေချာစွာသိရှိထားရမည်။

၁၁။ ဥပဒေပုဒ်မ ၁၉(ဃ) အရ ဘဏ်သည် ဆက်သွယ်ဆောင်ရွက်သူအား အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍-

(က) လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ပါက ယုံကြည်စိတ်ချရ၍ ဘက်လိုက်မှုကင်းသော အထောက်အထား၊ ဇစ်မြစ်၊ အချက်အလက် သို့မဟုတ် ဤညွှန်ကြားချက် **နောက်ဆက်တွဲ** တွင်ဖော်ပြထားသည့် သတင်းအချက်အလက်များကို အသုံးပြု၍ ဆက်သွယ်ဆောင်ရွက်သူအား သတ်မှတ်ဖော်ထုတ်အတည်ပြုရမည်။

(ခ) အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ဥပဒေဖြင့်ဆောင်ရွက်သည့် အစီအစဉ်တစ်ရပ်ရပ်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ပါက ယုံကြည်စိတ်ချရ၍ ဘက်လိုက်မှုကင်းသော အထောက်အထား၊ ဇစ်မြစ်၊ အချက်အလက် သို့မဟုတ် ဤညွှန်ကြားချက် **နောက်ဆက်တွဲ**တွင် ဖော်ပြထားသည့်အတိုင်း သတင်းအချက်အလက်များကို အသုံးပြု၍ ဆက်သွယ်ဆောင်ရွက်သူ၏လိုအပ်သော သတင်းအချက်အလက်များကို ရယူပြီး အတည်ပြုရမည်။

၁၂။ ဘဏ်သည် ဤညွှန်ကြားချက်အပိုဒ် ၉၊ ၁၀ နှင့် ၁၁ တို့ပါ အချက်များကို ဆောင်ရွက်ရာတွင် လိုက်နာနိုင်ခြင်းမရှိသော ဆက်သွယ်ဆောင်ရွက်သူများအတွက် လုပ်ငန်းဆောင်ရွက်ပေးခြင်းကို ရပ်ဆိုင်းပြီး သံသယဖြစ်ဖွယ်ရှိသော ဆောင်ရွက်ချက်အဖြစ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ရန်စဉ်းစားရမည်။

၁၃။ လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့်အဖွဲ့အစည်းများအား သတ်မှတ်ဖော်ထုတ်အတည်ပြုထားသည့် သက်ဆိုင်ရာစာတမ်းအမှတ်အသားများကို ပီသစွာ ရေးသားမှတ်တမ်းတင်ထားသည့် ဖိုင်မိတ္တူများ ဖြင့်ရယူသိမ်းဆည်းထားရမည်။

**ချက်ချင်းဆောင်ရွက်ရန်မလိုအပ်သည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် စိစစ်အတည်ပြုခြင်း**

၁၄။ ဘဏ်သည် ဤညွှန်ကြားချက်အပိုဒ် ၉၊ ၁၀ နှင့် ၁၁ တို့တွင်ဖော်ပြထားသည့် ဆက်သွယ် ဆောင်ရွက်သူအား သတ်မှတ်ဖော်ထုတ်ခြင်းနှင့် အတည်ပြုခြင်းလုပ်ငန်းစဉ် မဆောင်ရွက်မီတွင် အောက်ပါအချက်များနှင့်ပြည့်စုံပါက ဆက်သွယ်ဆောင်ရွက်သူနှင့် လုပ်ငန်းဆက်သွယ်ဆောင်ရွက် နိုင်သည်-

(က) အတည်ပြုစစ်ဆေးခြင်းသည် ကျိုးကြောင်းဆီလျော်မှုရှိသည့်အချိန်တွင် လက်တွေ့ ဆောင်ရွက်နိုင်သည့် အခြေအနေရှိခြင်း၊

(ခ) ပုံမှန်စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်များကို အနှောက်အယှက်မဖြစ်စေရန် မဖြစ် မနေလိုအပ်သည့် အခြေအနေရှိခြင်း၊

(ဂ) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ ကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ခြင်း။

၁၅။ ဘဏ်သည် ယင်းတို့၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများတွင် အတည်ပြု စစ်ဆေးခြင်းမပြုလုပ်နိုင်သေးသည့် ဆက်သွယ်ဆောင်ရွက်သူများအတွက် ဆောင်ရွက်နိုင်သည့် လုပ်ငန်းဆောင်ရွက်ချက်ပမာဏ သို့မဟုတ် အမျိုးအစား၊ အရေအတွက်ကန့်သတ်ချက်ကဲ့သို့သော အနည်းဆုံးလိုက်နာရမည့် လိုအပ်ချက်များကို ထည့်သွင်းချမှတ်ထားရမည်။

**ဆက်သွယ်ဆောင်ရွက်သူများအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် ရိုးရှင်းစွာ ဆောင်ရွက်ခြင်း**

၁၆။ ဘဏ်သည်-

(က) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆုံးရှုံးနိုင်ခြေမြင့်မားသည့် ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် လုပ်ငန်းဆောင်ရွက်ချက်များအား ဆက်သွယ် ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်းနည်းလမ်း များကို ချမှတ်ကျင့်သုံးရမည်။ အဆိုပါဆုံးရှုံးနိုင်ခြေစိစစ်အကဲဖြတ်ခြင်းစနစ်များကို အချိန်နှင့်တစ်ပြေးညီဖြစ်စေရန် ဆောင်ရွက်ထားရမည်။

(ခ) ဆုံးရှုံးနိုင်ခြေနည်းသည့် ဆက်သွယ်ဆောင်ရွက်သူများအတွက် ရိုးရှင်းသည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းလုပ်ထုံးလုပ်နည်းများကို ဆုံးရှုံးနိုင်ခြေစိစစ်အကဲဖြတ်ခြင်းဆိုင်ရာ အထောက်အထား၊ မှတ်တမ်းများမှတစ်ဆင့်

အကဲဖြတ်နိုင်သည်။ အဆိုပါဆုံးရှုံးနိုင်ခြေစိစစ်အကဲဖြတ်ခြင်းစနစ်များကို အချိန်နှင့်တစ်ပြေးညီဖြစ်စေရန် ဆောင်ရွက်ထားရမည်။

**အခါအားလျော်စွာ လုပ်ငန်းဆောင်ရွက်မှုများအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း**

၁၇။ ဘဏ်သည် ၎င်းနှင့်လုပ်ငန်းဆက်ဆံဆောင်ရွက်မှု ထူထောင်ထားခြင်းမရှိသည့် ဆက်သွယ်ဆောင်ရွက်သူတစ်ဦးအတွက် လုပ်ငန်းဆောင်ရွက်ချက် (အခါအားလျော်စွာ လုပ်ငန်းဆောင်ရွက်ချက်) ကို ဆောင်ရွက်ပေးရာတွင် လုပ်ငန်းဆောင်ရွက်ချက်ပမာဏသည် တစ်ကြိမ်တည်းဖြစ်စေ၊ ဆက်နွယ်မှုရှိသော အကြိမ်အရေအတွက်များစွာဖြင့်ဖြစ်စေ အမေရိကန်ဒေါ်လာ ၁၅,၀၀၀ နှင့်ညီမျှသည့် မည်သည့်ငွေကြေးပမာဏ သို့မဟုတ် ယင်းထက်ပိုသော ပမာဏဖြစ်ပါက အဆိုပါလုပ်ငန်းဆောင်ရွက်ချက်ကို ဆောင်ရွက်ပေးခြင်းမပြုမီ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရမည်။

**ဆုံးရှုံးနိုင်ခြေမြင့်မားသောဆက်သွယ်ဆောင်ရွက်သူများအတွက် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း**

၁၈။ ဆုံးရှုံးနိုင်ခြေမြင့်မားသောဆက်သွယ်ဆောင်ရွက်သူများအတွက် ဘဏ်ကကျင့်သုံးသည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် တိုးမြှင့်အလေးထားစိစစ်ခြင်းတွင် အောက်ပါတို့ပါဝင်သည်-

(က) ရှုပ်ထွေးပြီးပုံမှန်မဟုတ်သော ပမာဏကြီးမားသည့် လုပ်ငန်းဆောင်ရွက်ချက်အားလုံးနှင့် စီးပွားရေးသဘောမဆန်သော သို့မဟုတ် ဥပဒေအရ ခြေခြေမြစ်မြစ်မရှိသော ပုံမှန်မဟုတ်သည့် လုပ်ငန်းဆောင်ရွက်ချက်များအားလုံးတို့၏ နောက်ခံအကြောင်းအရင်းနှင့် ရည်ရွယ်ချက်များကို ဖြစ်နိုင်သမျှ ကျိုးကြောင်းခိုင်လုံစွာစစ်ဆေးခြင်း၊

(ခ) အထက်အပိုဒ်ခွဲ(က) တွင် ဖော်ပြထားသည့် လုပ်ငန်းဆောင်ရွက်ချက်များသည် သံသယဖြစ်ဖွယ် သို့မဟုတ် ပုံမှန်မဟုတ်သော ဆောင်ရွက်ချက်များ ဟုတ်/မဟုတ် သတ်မှတ်နိုင်ရန်အလို့ငှာ ၎င်းတို့နှင့်စပ်လျဉ်းသည့် စီးပွားရေးဆက်သွယ်ချက်များအား စောင့်ကြပ်ကြည့်ရှုခြင်း၏ အတိုင်းအတာနှင့် သဘာဝကိုတိုးမြှင့်ဆောင်ရွက်ခြင်း၊

(ဂ) ဆက်သွယ်ဆောင်ရွက်သူများထံမှ သတင်းအချက်အလက်များထပ်မံရယူခြင်း (ဥပမာ ဆက်သွယ်ဆောင်ရွက်သူ၏ အလုပ်အကိုင်၊ ရရန်ပိုင်ခွင့်ပမာဏ) နှင့် ဆက်သွယ်ဆောင်ရွက်သူနှင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်တို့၏ အထောက်အထားအချက်အလက်များကို ပုံမှန်ထက်ပို၍ အချိန်နှင့်တစ်ပြေးညီရယူခြင်း၊

(ဃ) ဆောင်ရွက်ရန်ရည်ရွယ်သည့် စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်၏ သဘောသဘာဝဆိုင်ရာ သတင်းအချက်အလက်အား ထပ်မံရယူခြင်း၊

(င) ဆက်သွယ်ဆောင်ရွက်သူ၏ ရရန်ပိုင်ခွင့်အရင်းအမြစ် သို့မဟုတ် ငွေကြေးအရင်းအမြစ်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များရယူခြင်း၊

(စ) ဆောင်ရွက်ပြီး သို့မဟုတ် ဆောင်ရွက်ရန်ရည်ရွယ်ထားသည့် လုပ်ငန်းဆောင်ရွက်ချက်များအတွက် အကြောင်းအရင်းများ၊ သတင်းအချက်အလက်များရယူခြင်း၊

(ဆ) လုပ်ငန်းဆက်သွယ်ဆောင်ရွက်ချက် စတင်ရန် သို့မဟုတ် ဆက်လက်ဆောင်ရွက်ရန် သို့မဟုတ် စတင်ရန် အဆင့်မြင့်စီမံခန့်ခွဲသူများ၏ သဘောတူညီချက်ရယူခြင်း၊

(ဇ) ဆက်လက်စုံစမ်းစစ်ဆေးရန်လိုအပ်သည့် လုပ်ငန်းဆောင်ရွက်ချက်ပုံစံများ ရွေးချယ်ခြင်းနှင့် လိုက်နာကျင့်သုံးလျက်ရှိသည့် ထိန်းချုပ်ကွပ်ကဲမှုအချိန်ကာလနှင့် အကြိမ်အရေအတွက်ကို တိုးမြှင့်ခြင်းအားဖြင့် လုပ်ငန်းဆက်သွယ်ဆောင်ရွက်ချက်များ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

(ဈ) PEP များအပါအဝင် ဆုံးရှုံးနိုင်ခြေမြင့်မားသော ဆက်သွယ်ဆောင်ရွက်သူများအတွက် ပုံမှန်မဟုတ်သော လုပ်ငန်းဆောင်ရွက်ချက်များကို အမျိုးအစားခွဲခြား သတ်မှတ်ရာတွင် အထောက်အကူပြုနိုင်ရန် စောင့်ကြည့်စစ်ဆေးခြင်း သို့မဟုတ် ဆက်သွယ်ဆောင်ရွက်သူ၏ ကိုယ်ရေးအချက်အလက်များကို ပြုစုခြင်း၊

(ည) ဆက်သွယ်ဆောင်ရွက်သူ၏အမည်ဖြင့် ဖွင့်လှစ်ထားသည့် ဘဏ်စာရင်းမှတစ်ဆင့် ဆောင်ရွက်သည့် ပထမဆုံးပေးချေမှုအတွက် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ဆောင်ရွက်ခြင်း။

၁၉။ ဘဏ်သည် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆောင်ရွက်ချက် အဆင့်တစ်ခုချင်းစီ၌ ဆုံးရှုံးနိုင်ခြေမြင့်မားသည့် ဆက်သွယ်ဆောင်ရွက်သူများအပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်းအပြင် စဉ်ဆက်မပြတ် အခြေခံဖြင့်လည်း ဆောင်ရွက်ရမည်။

၂၀။ မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ဖော်ထုတ်နိုင်ခြင်းမရှိသည့် ဆက်သွယ်ဆောင်ရွက်သူများနှင့် လုပ်ငန်းဆက်သွယ်ဆောင်ရွက်ခြင်းများအတွက် ဆက်သွယ်ဆောင်ရွက်သူအပေါ် တိုးမြှင့်အလေးထားစိစစ်ဆောင်ရွက်ခြင်း လုပ်ထုံးလုပ်နည်းများတွင် အောက်ပါတို့ပါဝင်ရမည်-

(က) သက်ဆိုင်ရာဥပဒေနှင့် ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်အတည်ပြုထားသည့် စာရွက်စာတမ်းများ၊

(ခ) ဆက်သွယ်ဆောင်ရွက်သူနှင့်အဆက်အသွယ်ပြုလုပ်ခြင်း သို့မဟုတ် လွတ်လပ်သည့် အတည်ပြုစစ်ဆေးခြင်း နည်းလမ်းများဖော်ထုတ်ခြင်းနှင့် စာရွက်စာတမ်းများ ထပ်မံတောင်းခံခြင်း။

**PEP များ**

၂၁။ ဘဏ်သည် ဆက်သွယ်ဆောင်ရွက်သူတစ်ဦး သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်တစ်ဦးဦးသည် PEP ဟုတ်မဟုတ်ကို အတည်ပြုရန်သင့်တော်သည့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်များကို သတ်မှတ်ရမည်။ PEP ဖြစ်ကြောင်းသတ်မှတ်ဖော်ထုတ်နိုင်ပါက ဥပဒေပုဒ်မ ၂၂ တွင်ပြဋ္ဌာန်းထားသည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် တိုးမြှင့်အလေးထားစိစစ်ခြင်းကို ပြုလုပ်ရမည်။

၂၂။ အကျိုးခံစားခွင့်ရှိသူပိုင်ရှင် သို့မဟုတ် ဆက်သွယ်ဆောင်ရွက်သူသည် PEP တစ်ဦး ဟုတ်/မဟုတ် ဆုံးဖြတ်ရာတွင်ကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းများတွင် အောက်ပါတို့ပါဝင်သည်-

(က) ဆက်သွယ်ဆောင်ရွက်သူများထံမှ ဆီလျော်သက်ဆိုင်သည့် သတင်းအချက်အလက်များကို ရယူခြင်း၊

(ခ) ဆက်သွယ်ဆောင်ရွက်သူနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို ရည်ညွှန်းကိုးကားရယူခြင်း၊

(ဂ) PEP များနှင့်သက်ဆိုင်သည့် ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ပြုစုထားသည့် စီးပွားရေးသတင်းအချက်အလက်များကို ရည်ညွှန်းကိုးကားခြင်း၊

(ဃ) အသက်အာမခံပေါ်လစီ အကျိုးခံစားခွင့်ရှိသူ(များ) နှင့်/ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်သည် PEPs ဟုတ်/မဟုတ် ဆုံးဖြတ်ရန် သင့်လျော်သောနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း။ ယင်းသို့ဆောင်ရွက်ခြင်းကို အာမခံကြေးငွေ ထုတ်ပေးသည့်အချိန်အား နောက်ဆုံးထား၍ ပြုလုပ်ခြင်း။

၂၃။ ဆုံးရှုံးနိုင်ခြေမြင့်မားမှုကို ဖော်ထုတ်တွေ့ရှိပါက ဘဏ်သည် အာမခံကြေးငွေထုတ်ပေးသည့်အချိန်တွင် ဤညွှန်ကြားချက် အပိုဒ် ၂၂(ဃ) တွင် သတ်မှတ်ထားသော ဆက်သွယ်ဆောင်ရွက်သူအား အလေးထားစိစစ်ခြင်းနည်းလမ်းများအပြင် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) အာမခံကြေးငွေထုတ်ပေးသည့်လုပ်ငန်းစဉ် မဆောင်ရွက်မီ အဆင့်မြင့်စီမံခန့်ခွဲမှုအဖွဲ့၏သဘောတူညီချက်ရယူခြင်းနှင့်

(ခ) ပေါ်လစီကိုင်ဆောင်ထားသူနှင့် လုပ်ငန်းဆက်ဆံဆောင်ရွက်မှုများကို အလေးထားစိစစ်မှုအား တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သံသယဖြစ်ဖွယ်ရှိသော ငွေကြေးလွှဲပြောင်းဆောင်ရွက်ချက်အစီရင်ခံစာ တင်ပြရန်သင့်/မသင့်စဉ်းစားခြင်း။

**ဆိုးရွားနိုင်ခြေနည်းပါးသည့် ဆက်သွယ်ဆောင်ရွက်သူများအပေါ် ရိုးရှင်းလွယ်ကူသည့်အလေးထား စိစစ်မှုပြုလုပ်ခြင်း**

၂၃။ ဆိုးရွားနိုင်ခြေနည်းပါးသည့် ဆက်သွယ်ဆောင်ရွက်သူများအတွက် ရိုးရှင်းလွယ်ကူသည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းနည်းလမ်းများတွင် အောက်ဖော်ပြပါတို့ ပါဝင်သည်-

(က) အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်သူ မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ဖော်ထုတ်ခြင်းကို အကြိမ်အရေအတွက် လျှော့ချဆောင်ရွက်ခြင်း၊

(ခ) လုပ်ငန်းဆောင်ရွက်ချက်များ အသေးစိတ်စိစစ်ခြင်းနှင့် စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း အတိုင်းအတာကို လျှော့ချခြင်း၊

(ဂ) ရည်ရွယ်ထားသော စီးပွားရေးလုပ်ငန်းများ၏ သဘာဝနှင့် ဆောင်ရွက်ရသည့် အကြောင်းရင်းကိုသိအောင် ဆောင်ရွက်ရာတွင် သီးသန့်သတင်းအချက်အလက်နှင့် ဆောင်ရွက်ချက်များကို ရယူစုဆောင်းခြင်းမပြုဘဲ လုပ်ငန်းဆက်သွယ်ဆောင်ရွက်ပေးခြင်း။

၂၅။ ဘဏ်သည် FATF သို့မဟုတ် FIU က ဆိုးရွားနိုင်ခြေမြင့်မားသည်ဟု သတ်မှတ်ကြေညာထားသူများ သို့မဟုတ် ဘဏ်က ဆိုးရွားနိုင်ခြေမြင့်မားသူအဖြစ် သတ်မှတ်သည့်သူများနှင့်ဆက်သွယ်ဆောင်ရွက်မှုပြုလုပ်သည့်အခါ သို့မဟုတ် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှု ငွေကြေးထောက်ပံ့မှုကို လုံလောက်စွာ ဟန့်တားဆောင်ရွက်ခြင်းမရှိသည့်သူများ သို့မဟုတ် နိုင်ငံများအတွင်း လုပ်ငန်းဆောင်ရွက်မှုပြုသည့်အခါ သို့မဟုတ် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ သံသယရှိသည့်အခါ ရိုးရှင်းလွယ်ကူသည့်ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းနည်းလမ်းများကို အသုံးမပြုရ။

**အကျိုးခံစားခွင့်ရှိသူပိုင်ရှင်အားသတ်မှတ်ခြင်း**

၂၆။ ဘဏ်သည် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အကျိုးခံစားခွင့်ရှိသူပိုင်ရှင်များ၏ ကိုယ်စားဆောင်ရွက်နေသည့် ဆက်သွယ်ဆောင်ရွက်သူများကို သင့်လျော်သည့်နည်းလမ်းများ အသုံးပြု၍ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏ အချက်အလက်များအား သတ်မှတ်အတည်ပြုရမည်။ ယင်းကဲ့သို့ ဘဏ်က အကျိုးခံစားခွင့်ရှိသူပိုင်ရှင် မည်သူမည်ဝါဖြစ်ကြောင်းကို ခိုင်မာစိတ်ချရသည့် အရင်းအမြစ်မှရရှိသည့်အချက်အလက် သို့မဟုတ် သက်ဆိုင်သည့် သတင်းအချက်အလက်များကို အသုံးပြု၍ သင့်လျော်သည့်အတည်ပြုခြင်းကို ဆောင်ရွက်ရမည်။

၂၇။ အထက်အပိုဒ် ၂၆ အရ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ထံမှရယူရမည့် သတင်းအချက်အလက်များသည် ဤညွှန်ကြားချက်၏ **နောက်ဆက်တွဲ**တွင် ဖော်ပြထားသည့်အချက်များနှင့်အညီဖြစ်ရမည်။

၂၈။ အထက်အပိုဒ် ၂၆ နှင့် ၂၇တွင် ဖော်ပြထားသည့် သတ်မှတ်ချက်များတွင် ယုံကြည်အပ်နှံခံရသူများနှင့် ရှေ့နေများ၊ ဥပဒေအကျိုးဆောင်လုပ်ငန်းများက ယင်းတို့ထံတွင် အလုပ်အပ်နှံသူများ ကိုယ်စားဖွင့်လှစ်သည့် ဘဏ်စာရင်းများလည်းပါဝင်သည်။ ဤကိစ္စရပ်တွင် ဘဏ်သည် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်များကို ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း နည်းလမ်းများဖြင့် အသုံးပြုစိစစ်ရမည်။

၂၉။ ဆက်သွယ်ဆောင်ရွက်သူသည် စတော့အိတ်ချိန်းတွင် စာရင်းဝင်ပြုလုပ်ထားသည့် ကုမ္ပဏီတစ်ခုဖြစ်ပါက ဘဏ်အနေဖြင့် အဆိုပါစာရင်းဝင် ကုမ္ပဏီက ပိုင်ဆိုင်မှုအကျိုးခံစားခွင့်များကို လုံလောက်စွာ ဖွင့်ဟကြေညာထားသည့် ကုမ္ပဏီဖြစ်သည်ဟု သုံးသပ်ခဲ့လျှင် အဆိုပါကုမ္ပဏီ၏ အကျိုးခံစားခွင့်ရှိသူပိုင်ရှင် သို့မဟုတ် ရှယ်ယာရှင်တစ်ဦးဦး၏ အချက်အလက်များကို အတည်ပြုရန်နှင့် စစ်ဆေးရန်မလိုအပ်ပါ။ ဤကိစ္စရပ်တွင် ဘဏ်သည် ကုမ္ပဏီထံမှသာအဆိုပါ ဆက်သွယ်ဆောင်ရွက်သူသည် မည်သူမည်ဝါဖြစ်ကြောင်းသတ်မှတ် ဖော်ထုတ်သည့် စာရွက်စာတမ်းများကို ရယူရမည်ဖြစ်ပြီး သတ်မှတ်ဖော်ထုတ်ခြင်းဆိုင်ရာအချက်အလက်များကို အများပြည်သူသို့ ထုတ်ဖော်ကြေညာထားသည့် မှတ်တမ်းတင်စာအုပ်များမှသော်လည်းကောင်း ယင်းသို့ရရှိခြင်းမရှိပါက ဆက်သွယ်ဆောင်ရွက်သူထံမှသော်လည်းကောင်း ရယူဆောင်ရွက်ရမည်။

၃၀။ ဥပဒေအရ ဖွဲ့စည်းထားသည့်အဖွဲ့အစည်း သို့မဟုတ် အစီအစဉ်ဖြစ်ပါက ဘဏ်သည် မည်သူကပိုင်ဆိုင်သည် သို့မဟုတ် ထိန်းချုပ်ကွပ်ကဲမှုရှိသည်ဆိုသည့်အချက်အပါအဝင် ဆက်သွယ်ဆောင်ရွက်သူ၏ထိန်းချုပ်ကွပ်ကဲမှုပုံစံနှင့် ပိုင်ဆိုင်မှုကိုသိနားလည်ရန် လုံလောက်သည့်နည်းလမ်းများကိုဆောင်ရွက်ရမည်။

၃၁။ (က) ဥပဒေအရ ဖွဲ့စည်းထားသည့်အဖွဲ့အစည်း သို့မဟုတ် အစီအစဉ်ဖြစ်ပါက ဆက်သွယ်ဆောင်ရွက်သူ မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ဖော်ထုတ်ခြင်းကို သက်ဆိုင်ရာလူပုဂ္ဂိုလ်တစ်ဦးချင်းအပေါ်တွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) ဥပဒေအရဖွဲ့စည်းထားသည့်အဖွဲ့အစည်း၏ ၂၀% ထက်ပို၍ တိုက်ရိုက်သော်လည်းကောင်း သို့မဟုတ် သွယ်ဝိုက်၍သော်လည်းကောင်း ပိုင်ဆိုင်ခြင်း သို့မဟုတ် ထိန်းချုပ်ကွပ်ကဲမှုရှိခြင်း၊

(၂) ဥပဒေအရဖွဲ့စည်းထားသည့်အဖွဲ့အစည်း၏ စီမံအုပ်ချုပ်မှုတွင် တာဝန်ရှိခြင်း။

(ခ) ဥပဒေအရဆောင်ရွက်သော အစီအစဉ်များနှင့်စပ်လျဉ်း၍ မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ဖော်ထုတ်ရာတွင် အကျိုးစီးပွားများကိုကိုယ်စားပြုစီစဉ်ဆောင်ရွက်ပေးသူ၊ ယုံကြည်အပ်နှံခြင်းခံရသူ၊ အကျိုးစီးပွားကာကွယ်ပေးသူ၊ အကျိုးခံစားခွင့်ရှိသူ သို့မဟုတ် အလားတူအနေအထားရှိသော ပုဂ္ဂိုလ်များကို ဆောင်ရွက်ရမည်။

၃၂။ ဘဏ်များသည် ယုံကြည်အပ်နှံခံရသူနှင့် လုပ်ငန်းစတင်ဆောင်ရွက်ခြင်းမပြုမီ သို့မဟုတ် ယုံကြည်အပ်နှံခံရသူအတွက် အခါအားလျော်စွာ လုပ်ငန်းဆောင်ရွက်ချက် (Occasional Transaction) ပြုလုပ်ပေးရာတွင် ဤညွှန်ကြားချက် အပိုဒ် ၁၇ တွင် ဖော်ပြထားသည့် သတ်မှတ်ပမာဏထက်ကျော်လွန်ပါက ယုံကြည်အပ်နှံခံရသူ၏ (ကန့်သတ်ထားခြင်းမရှိသော်လည်း အောက်တွင်ဖော်ပြထားသည့်) အချက်အလက်များအား တောင်းခံရမည်-

(က) ယုံကြည်အပ်နှံခံရသူသည် ၎င်း၏ယုံကြည်အပ်နှံသူနှင့် ပတ်သက်မှုအခြေအနေကို ဘဏ်သို့ ထုတ်ဖော်ကြေညာရမည်၊

(ခ) ယုံကြည်အပ်နှံခံရသူသည် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်နှင့် လုပ်ငန်းဆက်ဆံဆောင်ရွက်မှုစည်းကမ်းချက်များအရ ယုံကြည်အပ်နှံမှုအဖြစ် လက်ဝယ်ထားရှိသည့် သို့မဟုတ် စီမံခန့်ခွဲသည့် ရပိုင်ခွင့်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ဘဏ်သို့ တင်ပြရမည်။

**ဆက်သွယ်ဆောင်ရွက်သူ၏ သတင်းအချက်အလက်ကို ထိန်းသိမ်းထားရှိခြင်း**

၃၃။ ဘဏ်သည် လုပ်ငန်းဆက်သွယ်ဆောင်ရွက်နေသည့် ကာလတစ်လျှောက်လုံးဆက်သွယ်ဆောင်ရွက်သူနှင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်များ၏ သတင်းအချက်အလက်များကို စုဆောင်း၍ ထိန်းသိမ်းထားရှိရမည်။ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းလုပ်ငန်းစဉ်အရ စုဆောင်းရရှိသည့် သတင်းအချက်အလက် သို့မဟုတ် အချက်အလက်၊ စာရွက်စာတမ်းများကို အချိန်နှင့်တစ်ပြေးညီဖြစ်စေရန် ပြုစုထိန်းသိမ်းထားရမည်ဖြစ်သည့်အပြင် ဘဏ်က သင့်လျော်သည်ဟုသတ်မှတ်ထားသောအချိန်အထိ အဆိုပါထိန်းသိမ်းထားသည့် မှတ်တမ်းစာရွက်စာတမ်းများကို ဥပမာအားဖြင့် အောက်ပါအခြေအနေများတွင် ပြန်လည်သုံးသပ်နိုင်ရန် ထားရှိရမည်-

(က) သိသာထင်ရှားသော လုပ်ငန်းဆောင်ရွက်ချက်များ ဆောင်ရွက်ရန်ရှိသည့်အခါ၊

(ခ) ဘဏ်စာရင်းလည်ပတ်ဆောင်ရွက်သည့်အချိန်တွင် အဓိကပြောင်းလဲမှုဖြစ်ပေါ်သောအခါ၊

(ဂ) ဆက်သွယ်ဆောင်ရွက်သူကဆောင်ရွက်သည့် လုပ်ငန်းဆောင်ရွက်ချက်များ သို့မဟုတ် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သည့်သဘာဝကို ဘဏ်က သိမြင်နားလည်အောင် ဆောင်ရွက်ရာတွင် ဆက်သွယ်ဆောင်ရွက်သူထံတွင် ရှိပြီးသည့်သတင်းအချက်အလက်များက မလုံလောက်သောအခါ။

**ဆက်သွယ်ဆောင်ရွက်သူ၏ လုပ်ငန်းဆောင်ရွက်ချက်များကို စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးခြင်း**

၃၄။ ဘဏ်သည် ဆက်သွယ်ဆောင်ရွက်သူများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို စဉ်ဆက်မပြတ်စောင့်ကြည့်စစ်ဆေးရန်အတွက် ကွန်ပျူတာစနစ်များအပါအဝင် အလိုအလျောက်စနစ်များကို

တပ်ဆင်ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းများ ချမှတ်ရမည်။

၃၅။ ထို့အပြင် ဥပဒေပုဒ်မ ၂၀ အရ လိုအပ်ပါက စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းတွင် လုပ်ငန်းဆောင်ရွက်ချက်အမျိုးအစား၊ လုပ်ငန်းဆောင်ရွက်ချက်အရွယ်အစားနှင့် ပမာဏ၊ ကြိုတင်သတ်မှတ်ထားသည့် ကန့်သတ်ချက်များနှင့် ငွေကြေးရင်းမြစ်နှင့် ချမ်းသာကြွယ်ဝမှုဆိုင်ရာ အချက်အလက်များပါဝင်နိုင်ပြီး ဆက်သွယ်ဆောင်ရွက်သူ၏ ဆုံးရှုံးနိုင်ခြေအနည်းအများခွဲခြားခြင်းနှင့် ဆက်သွယ်ဆောင်ရွက်သူ၏ ဘဏ်၏အသိအမြင် ဗဟုသုတအရ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ယုံကြည်မှုရှိစေရန် ဆက်သွယ်ဆောင်ရွက်သူ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ်စိစစ်ခြင်းတို့ပါဝင်ရမည်။

၃၆။ ဘဏ်သည် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်သက်ဆိုင်သည့် လုပ်ငန်းဆောင်ရွက်ချက်များဟုယူဆ၍ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း လုပ်ငန်းစဉ်ဆောင်ရွက်နေကြောင်း ဆက်သွယ်ဆောင်ရွက်သူက သတိပြုမိသည်ဟု ယုံကြည်ရန်အကြောင်းရှိပါက ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းလုပ်ငန်းစဉ်ဆောင်ရွက်မှုကို ရပ်စဲနိုင်သည်။ ယင်းကဲ့သို့အခြေအနေမျိုးတွင် ဘဏ်သည် ဘဏ်လုပ်ငန်းဆောင်ရွက်ချက်ကိုလက်ခံဆောင်ရွက်ပြီး FIU သို့ သံသယဖြစ်ဖွယ်ရှိသော ငွေကြေးလွှဲပြောင်းဆောင်ရွက်ချက်အဖြစ်ချက်ချင်းတင်ပြရမည်။

**တတိယပုဂ္ဂိုလ်အပေါ်တွင်အမှီပြုဆောင်ရွက်ခြင်း**

၃၇။(က) ဘဏ်သည် ဥပဒေပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်များကို ဖြည့်ဆည်းဆောင်ရွက်ပြီးပါက ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း လိုအပ်ချက်များအရ တတိယပုဂ္ဂိုလ်ကြားခံဆောင်ရွက်ပေးသူ၏ သတင်းအချက်အလက်များအပေါ် အမှီပြုဆောင်ရွက်နိုင်သည်။

(ခ) ဘဏ်သည် တတိယပုဂ္ဂိုလ်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမပြုမီ တတိယပုဂ္ဂိုလ်က လုပ်ငန်းဆောင်ရွက်သည့် နိုင်ငံသည် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆုံးရှုံးနိုင်ခြေရှိသည့် နိုင်ငံဖြစ်မဖြစ်ကို သတိပြုရမည်။

(ဂ) ကြားခံဆောင်ရွက်ပေးသူ တတိယပုဂ္ဂိုလ်အားဆုံးရှုံးနိုင်ခြေမြင့်မားသည်ဟု သတ်မှတ်ထားပါက ဘဏ်သည် အဆိုပါကြားခံဆောင်ရွက်ပေးသူ တတိယပုဂ္ဂိုလ်နှင့် ၎င်းကဆောင်ရွက်ပေးသည့် ဆက်သွယ်ဆောင်ရွက်သူ၏ စီးပွားရေးဆက်သွယ်ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ရန်နှင့် အဆိုပါကြားခံဆောင်ရွက်ပေးသူ တတိယပုဂ္ဂိုလ်နှင့် လုပ်ငန်းဆက်သွယ်ချက်ကို ရပ်စဲရမည်။

၃၈။ ဤညွှန်ကြားချက်အပိုဒ် ၃၇ အလို့ငှာ ကြားခံဆောင်ရွက်ပေးသူ တတိယပုဂ္ဂိုလ်တွင် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သော ပုဂ္ဂိုလ်များပါဝင်နိုင်ပြီး ၎င်းတို့က ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအတွက် ဆက်သွယ်ဆောင်ရွက်သူများ၏ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကို ကြားခံဆောင်ရွက်ပေးပြီး အဆိုပါကြားခံဆောင်ရွက်ပေးသူ တတိယပုဂ္ဂိုလ်များကို သက်ဆိုင်ရာနိုင်ငံ၏ ကြပ်မတ်ကွပ်ကဲ၊ ကြီးကြပ်စစ်ဆေးသူများက ဆက်သွယ်ဆောင်ရွက်သူအပေါ်အလေးထားစိစစ်ခြင်းနှင့် မှတ်တမ်းထိန်းသိမ်းခြင်းဆိုင်ရာ လိုအပ်ချက်များကို ကောင်းစွာလိုက်နာဆောင်ရွက်သူများဖြစ်ရမည်။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများအတွက် ဆောင်ရွက်သည့်စီးပွားရေး ဆောင်ရွက်ချက်များသာမက အဆိုပါကြားခံဆောင်ရွက်ပေးသူ တတိယပုဂ္ဂိုလ်များအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူနှင့်လည်း စီးပွားရေးဆက်သွယ်ဆောင်ရွက်ချက်များရှိနိုင်သည်။

**သဏ္ဌာန်ဆောင်ဘဏ်များနှင့် နယ်စပ်ဖြတ်ကျော်အဆက်အသွယ် ဘဏ်လုပ်ငန်းဆောင်ရွက်ခြင်းများ**

၃၉။ ဘဏ်သည် ဥပဒေပုဒ်မ ၃(ဇ) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် သဏ္ဌာန်ဆောင်ဘဏ်တစ်ခုနှင့်အဆက်အသွယ်ဘဏ်လုပ်ငန်း တည်ထောင်ခြင်းကိုသော်လည်းကောင်း၊ မိမိ၏ ဘဏ်ငွေစာရင်းကို အသုံးပြုခွင့်ပေးခြင်းကိုလည်းကောင်း မပြုလုပ်ရ။ အလားတူပင် သဏ္ဌာန်ဆောင်ဘဏ်တစ်ခု၏ ဘဏ်စာရင်းကို ဖွင့်လှစ်ဆောင်ရွက်ခြင်းပြုသည့် နိုင်ငံခြားတိုင်းပြည်ရှိ ဘဏ်တစ်ခုနှင့် အဆက်အသွယ်ဘဏ်တည်ထောင်ခြင်း သို့မဟုတ် လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမပြုရ။

၄၀။ နယ်စပ်ဖြတ်ကျော် အဆက်အသွယ်ဘဏ်လုပ်ငန်းဆောင်ရွက်ခြင်း သို့မဟုတ် အခြားအလားတူ ဆက်သွယ်ဆောင်ရွက်ခြင်းတို့မပြုလုပ်မီ ဘဏ်သည် ဆက်သွယ်ဆောင်ရွက်သူ၏ သတင်းအချက်အလက်များကို အလေးထားစိစစ်ခြင်းနည်းလမ်းများကို ပုံမှန်ဆောင်ရွက်ခြင်းအပြင် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) အဆက်အသွယ်ဘဏ်လုပ်ငန်းတည်ထောင်မည့် တစ်ဘက်ဘဏ်နှင့်စပ်လျဉ်းသည့် လုံလောက်သော သတင်းအချက်အလက်များကိုစုစည်းခြင်း၊

(ခ) အဆက်အသွယ်ဘဏ်လုပ်ငန်းတည်ထောင်မည့် တစ်ဘက်ဘဏ်၏ စီးပွားရေးလုပ်ငန်းသဘောသဘာဝကို ကောင်းစွာသိရှိရန် ဆောင်ရွက်ခြင်း၊

(ဂ) အများပြည်သူရရှိနိုင်သော သတင်းအချက်အလက်များအပေါ် အခြေခံ၍ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုစုံစမ်းထောက်လှမ်းမှု သို့မဟုတ် နည်းဥပဒေ၊ စည်းမျဉ်းများအရ အရေးယူဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ အပါအဝင် ၎င်းတို့လိုက်နာရမည့် ကြီးကြပ်စစ်ဆေးခြင်းအရည်အသွေးနှင့် အဆက်အသွယ်ဘဏ်လုပ်ငန်းတည်ထောင်မည့် တစ်ဘက်ဘဏ်၏ နာမည်ဂုဏ်သတင်း ကောင်းမွန်မှုကို အကဲဖြတ်ခြင်းနှင့် စိစစ်ခြင်း၊

(ဃ) အဆက်အသွယ်ဘဏ်တည်ထောင်ဆောင်ရွက်ခြင်းအသစ်ကို စတင်ဆောင်ရွက်ခြင်း မပြုမီ အဆင့်မြင့်စီမံခန့်ခွဲသူများမှ သဘောတူညီချက်ရယူခြင်း၊

(င) ဘဏ်တစ်ခုချင်းစီ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့်သက်ဆိုင်သည့် လိုက်နာဆောင်ရွက်ရမည့် တာဝန်အသီးသီးကို ရှင်းလင်းစွာ နားလည်စေရန်နှင့် ၎င်းအတွက် စာရွက်စာတမ်းအထောက်အထားများ ထားရှိခြင်း၊

(စ) ပေးချေမှုအတွက်တစ်ဆင့်အသုံးပြုသော ဘဏ်ငွေစာရင်းနှင့်စပ်လျဉ်း၍ မိမိနှင့် အဆက်အသွယ်ဘဏ်လုပ်ငန်းတည်ထောင်မည့်တစ်ဘက်ဘဏ်သည် ၎င်းနှင့်ဆက်သွယ် ဆောင်ရွက်သူများ၏ ငွေစာရင်းကို တိုက်ရိုက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ဆက်သွယ် ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ တာဝန်ဝတ္တရားများကို လိုက်နာ ဆောင်ရွက်ထားကြောင်းနှင့် တောင်းဆိုပါက ယင်းနှင့်စပ်ဆိုင်သည့် ဆက်သွယ် ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်ကြောင်း ကျေနပ်လက်ခံခြင်း။

**ဝန်ဆောင်မှုအသစ်များနှင့်လုပ်ထုံးလုပ်နည်းများ**

၄၁။ ဘဏ်များသည် အောက်ဖော်ပြပါတို့နှင့်စပ်လျဉ်း၍ ပေါ်ပေါက်သော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲရန်နှင့်ကုစားရန်အတွက် သတ်မှတ် ဖော်ထုတ်ခြင်း၊ အကဲဖြတ်စိစစ်ခြင်းနှင့် သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများကို ပြုရမည်-

(က) ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဖြန့်ဝေသည့် အစီအစဉ်အသစ်များ အပါအဝင် ဝန်ဆောင်မှုနှင့် ဘဏ်လုပ်ငန်းလုပ်ထုံးလုပ်နည်းအသစ်များ တိုးချဲ့ဆောင်ရွက်ခြင်း၊

(ခ) ဘဏ်လုပ်ငန်းဝန်ဆောင်မှုအသစ်အတွက်သော်လည်းကောင်း၊ ဆောင်ရွက်ဆဲ အတွက်သော်လည်းကောင်း နည်းပညာအသစ်များ တိုးတက်အသုံးပြုခြင်း။

(ဂ) နည်းပညာအသစ်များတိုးတက်အသုံးပြုခြင်း သို့မဟုတ် လုပ်ထုံးလုပ်နည်းများ၊ ဝန်ဆောင်မှုအသစ်များကို စတင်ဆောင်ရွက်ခြင်းမပြုမီ ဆုံးရှုံးနိုင်ခြေအကဲဖြတ် သုံးသပ်မှုကို ကြိုတင်ဆောင်ရွက်ခြင်း။

**ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲပြောင်းခြင်း မူဝါဒများနှင့်လုပ်ထုံး လုပ်နည်းများ**

၄၂။ ဥပဒေပုဒ်မ ၂၇(က) နှင့်အညီ ဘဏ်ကဆောင်ရွက်သည့် နယ်စပ်ဖြတ်ကျော်ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲပြောင်းခြင်းတွင် အောက်ဖော်ပြပါတို့ပါဝင်ရန် နှင့် အဆိုပါသတင်းအချက်အလက်များအားလုံးသည် ငွေပေးချေမှုဆောင်ရွက်နေစဉ်တစ်လျှောက်လုံး အမြဲရရှိနေစေရန် ဆောင်ရွက်ထားရမည်-

(က) ငွေလွှဲပြောင်းသူနှင့် ငွေလွှဲလက်ခံသူ၏ တိကျသေချာသည့် သတင်းအချက်အလက်၊

(ခ) ငွေလွှဲပြောင်းသူ၏ အမည်အပြည့်အစုံ၊

(ဂ) ငွေလွှဲပြောင်းရာတွင်အသုံးပြုသည့် ငွေလွှဲပြောင်းသူ၏ စာရင်းအမှတ်၊

(ဃ) ငွေလွှဲပြောင်းသူ၏ လိပ်စာ သို့မဟုတ် ဆက်သွယ်ဆောင်ရွက်သူ မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ဖော်ထုတ်ထားသည့် အချက်အလက်များ သို့မဟုတ် မွေးဖွားရာအရပ်နှင့်ဇာတိ၊

(င) ငွေလွှဲပြောင်းရာတွင် အသုံးပြုသည့် ဘဏ်စာရင်းကဲ့သို့သော ငွေလွှဲလက်ခံမည့်သူ၏ ဘဏ်စာရင်းအမှတ်နှင့် ငွေလွှဲလက်ခံမည့်သူ၏အမည်။

၄၃။ ဘဏ်သည် အထက်အပိုဒ် ၄၂ ပါအချက်များကို ရရှိစေရန် ဆောင်ရွက်နိုင်ခြင်းမရှိပါက ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲပြောင်းခြင်းကို ဆောင်ရွက်ခွင့်မပြုရ။

၄၄။ ငွေလွှဲပြောင်းသူတစ်ဦးတည်းထံမှ ငွေလွှဲလက်ခံမည့်သူအများအပြားထံ နယ်စပ်ဖြတ်ကျော်ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲပြောင်းပေးပို့ခြင်းများကို ဖိုင်တစ်ခုတည်းတွင် တစ်စုတစ်စည်းတည်းပြုလုပ်၍ ငွေလွှဲလက်ခံမည့်သူများထံ လွှဲပြောင်းပေးသည့်ကိစ္စရပ်တွင် ဘဏ်များအနေဖြင့် အထက်အပိုဒ် ၄၂ ပါ ငွေလွှဲပြောင်းပေးပို့သူ၏ သတင်းအချက်အလက်များနှင့်စပ်လျဉ်း၍ လိုက်နာရန်အချက်များကို ဆောင်ရွက်နိုင်ခြင်းမရှိပါက ၎င်းတို့အနေဖြင့် ငွေလွှဲပြောင်းဆောင်ရွက်ခြင်းကို နောက်ကြောင်းပြန်လိုက်နိုင်မည့် ငွေလွှဲပေးပို့သူ၏ စာရင်းအမှတ် သို့မဟုတ် တစ်ခုတည်းသောလွှဲပြောင်းချက် ရည်ညွှန်းအမှတ် (unique transaction reference number) တို့ ပါဝင်အောင်ဆောင်ရွက်ရမည်။ ထို့အပြင် စုစည်းထားသည့်ဖိုင်တွင် လိုအပ်ပြီးတိကျသော ငွေလွှဲပေးပို့သူ၏ သတင်းအချက်အလက်အပြည့်အစုံ၊ ငွေလွှဲလက်ခံသူ၏ သတင်းအချက်အလက်အပြည့်အစုံတို့ ပါဝင်ရမည်ဖြစ်ပြီး ငွေလွှဲလက်ခံသူ၏ သတင်းအချက်အလက်များကို နိုင်ငံအတွင်း အပြည့်အဝနောက်ကြောင်းပြန်လိုက်နိုင်မှု ပြုလုပ်နိုင်ရမည်ဖြစ်သည်။

၄၅။ ပြည်တွင်းတွင် ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲပြောင်းခြင်းအတွက် ငွေကြေးလွှဲပြောင်းမှုကိုထိရောက်မှုရှိစေရန် အခြားသောနည်းလမ်းဖြင့် ပေးချေမှုစနစ်လုပ်ငန်း ဆက်သွယ်ဆောင်ရွက်ခြင်းများအပါအဝင် ငွေလွှဲပေးပို့မှုကို ဆောင်ရွက်သည့်အဖွဲ့အစည်းတွင် ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲပို့ခြင်းတွင် ပါဝင်ရမည့်ငွေပေးချေမှုပုံစံ သို့မဟုတ် သတင်းပေးပို့ချက်တွင် ပါဝင်ရမည့် ငွေလွှဲပြောင်းသူ၏ သတင်းအချက်အလက်အပြည့်အစုံ သို့မဟုတ် ငွေပေးချေမှုပုံစံ သို့မဟုတ် သတင်းပေးပို့ချက်အတွက်

ဘဏ်စာရင်းအမှတ်မပါရှိလျှင် ငွေလွှဲပြောင်းသူ၏ စာရင်းအမှတ်ဖြစ်သော တစ်ခုတည်းသော လွှဲပြောင်းချက် ရည်ညွှန်းအမှတ် (unique transaction reference number) တို့ပါဝင်ရမည်။

၄၆။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ သို့မဟုတ် ငွေလွှဲလက်ခံသည့် ဘဏ်က လိုအပ်၍ တောင်းခံပါက အဆိုပါတောင်းခံမှုကိုရရှိသည့်နေ့မှ သုံးရက်အတွင်း ငွေလွှဲပေးပို့မှုကို စတင်ဆောင်ရွက်သည့်ဘဏ်က ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲပြောင်းခြင်း သတင်းအချက်အလက်များကို ပြည့်စုံစွာရရှိစေရန် ပံ့ပိုးပေးရမည်။

၄၇။ နယ်စပ်ဖြတ်ကျော် ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲပြောင်းခြင်းအတွက် ငွေလွှဲပြောင်းပေးချေမှုတစ်လျှောက်လုံး၌ ဘဏ်က ကြားခံအဖြစ်ဆောင်ရွက်သည့်ကိစ္စရပ်တွင် ငွေလွှဲပြောင်းသူနှင့် ငွေလွှဲလက်ခံသူ၏ သတင်းအချက်အလက်များအပါအဝင် ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲပြောင်းခြင်းသတင်းအချက်အလက်များအားလုံးကို ထိန်းသိမ်းထားရမည်။

၄၈။ နယ်စပ်ဖြတ်ကျော် ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲပြောင်းခြင်းအတွက် လိုအပ်သော ငွေလွှဲပြောင်းသူ သို့မဟုတ် ငွေလွှဲလက်ခံသူသတင်းအချက်အလက်များသည် နည်းပညာဆိုင်ရာ ကန့်သတ်ချက်အရ ကျန်သတင်းအချက်အလက်များအနက်မှ ပြည်တွင်း ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲပြောင်းမှုဆိုင်ရာ သတင်းအချက်အလက်များနှင့် ဆက်စပ်လျက်ရှိသည့်အခြေအနေတွင် ကြားခံဘဏ်သည် ငွေလွှဲပေးပို့မှုကိုဆောင်ရွက်သည့်ဘဏ် သို့မဟုတ် အခြားကြားခံ ဘဏ်မှလက်ခံရရှိသည့် သတင်းအချက်အလက်အားလုံးကို အနည်းဆုံးငါးနှစ်ကြာသည်အထိ ထိန်းသိမ်းထားရှိရမည်။

၄၉။ ဘဏ်သည် အောက်ပါအချက်များကို သတ်မှတ်နိုင်ရန်အတွက် ထိရောက်သည့် ဆုံးရှုံးနိုင်ခြေအခြေပြုလုပ်ထုံးလုပ်နည်းများ ရှိရမည်-

(က) ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲပြောင်းမှုကို ဆောင်ရွက်ပေးခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ခေတ္တရပ်စဲခြင်းများဆောင်ရွက်သည့်အခါ လိုအပ်သော ငွေလွှဲပြောင်းသူ သို့မဟုတ် ငွေလွှဲလက်ခံသူ၏ သတင်းအချက်အလက်များနှင့်စပ်လျဉ်း၍ အားနည်းချွတ်ယွင်းချက်တွေ့ရှိပါက ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ရန် စဉ်းစားဆောင်ရွက်ရမည်။

(ခ) လုပ်ငန်းဆက်သွယ်ဆောင်ရွက်ချက်များကို ကန့်သတ်ခြင်း သို့မဟုတ် ရပ်စဲခြင်းတို့ပါဝင်သည့် ဆက်လက်ဆောင်ရွက်ရမည့် သင့်လျော်သော အရေးယူဆောင်ရွက်ချက်ကို ပြုလုပ်ခြင်း။

၅၀။ အကျိုးခံစားခွင့်ရှိသူ မည်သူမည်ဝါဖြစ်ကြောင်း အချက်အလက်များကို ယခင်က အတည်ပြု စစ်ဆေးထားခြင်းမရှိလျှင် ငွေလွှဲလက်ခံသည့် ဘဏ်သည် ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ် နည်းလမ်းဖြင့် ငွေလွှဲပြောင်းခြင်းအတွက် အကျိုးခံစားခွင့်ရှိသူ မည်သူမည်ဝါဖြစ်ကြောင်း အချက် အလက်များကို အတည်ပြုစစ်ဆေးရမည်ဖြစ်ပြီးဥပဒေနှင့် ဤညွှန်ကြားချက်ပါ ပြဋ္ဌာန်းသတ်မှတ် ချက်များအရ မှတ်တမ်းထိန်းသိမ်းထားရှိရန် လိုအပ်ချက်များနှင့်အညီ အဆိုပါသတင်းအချက်အလက် များကို ထိန်းသိမ်းထားရှိရမည်။

၅၁။ ထို့အပြင်အထက်အပိုဒ် ၄၉ ပါလိုအပ်ချက်များအရ ငွေလွှဲပြောင်းပေးပို့မှုကို ဆောင်ရွက် သည့် ဘဏ်ဖြစ်စေ၊ ငွေလွှဲလက်ခံသည့်ဘဏ်ဖြစ်စေ ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ် နည်းလမ်းဖြင့် ငွေလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါဘဏ်လုပ်ငန်းဆောင်ရွက်ချက်များကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ရန် လိုအပ်သည်-

(က) နယ်စပ်ဖြတ်ကျော် ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲပြောင်းမှုတွင် အမေရိကန်ဒေါ်လာ ၁၀,၀၀၀ နှင့် အထက်ရှိခြင်း၊ သို့မဟုတ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က အခါအားလျော်စွာ ပြောင်းလဲပြင်ဆင် သတ်မှတ်သည့် သတင်းပို့ရန်သတ်မှတ်ပမာဏနှင့်အထက်ရှိခြင်း၊

(ခ) ပြည်တွင်းကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲပြောင်းမှု တွင် ကျပ်သန်း ၁၀၀ နှင့်အထက်ရှိခြင်း၊ သို့မဟုတ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့က အခါအားလျော်စွာ ပြောင်းလဲပြင်ဆင်သတ်မှတ်သည့် သတင်းပို့ရန် သတ်မှတ်ပမာဏနှင့် အထက်ရှိခြင်း၊

(ဂ) ငွေလွှဲပြောင်းခြင်းတွင် ငွေလွှဲပြောင်းသူ၏ သတင်းအချက်အလက်မပြည့်စုံခြင်း သို့မဟုတ် မရရှိနိုင်ခြင်း။

**သံသယဖြစ်ဖွယ်ရှိသော လွှဲပြောင်းဆောင်ရွက်ချက်များကို သတင်းပေးပို့ရန်လိုအပ်ခြင်း**

၅၂။ ဘဏ်သည်ငွေကြေးပမာဏမည်မျှပင်ဖြစ်စေကာမူ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှု ငွေကြေးထောက်ပံ့မှုနှင့် ဆက်နွယ်ပတ်သက်သည်ဟုသော်လည်းကောင်း သို့မဟုတ် ငွေကြေးခဝါချ ခြင်းနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတို့အတွက် အသုံးပြုခြင်း သို့မဟုတ် အသုံးပြုရန်ရှိသည် ဟုလည်းကောင်း သံသယဖြစ်ဖွယ်ရာအကြောင်းရှိလျှင် သံသယဖြစ်ဖွယ်ဆောင်ရွက်ချက်များအဖြစ် စုစည်းပြီး အလုပ်လုပ်ရက် သုံးရက်ထက်နောက်မကျစေဘဲ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေး အဖွဲ့သို့ ဥပဒေပုဒ်မ ၁၀(က) အရ ၎င်းအဖွဲ့ကထုတ်ပြန်သတ်မှတ်သည့် သတင်းပို့ပုံစံကိုအသုံးပြု၍ ဆောလျင်စွာ သတင်းပေးပို့ရမည်။

**သတ်မှတ်ငွေကြေးပမာဏနှင့်အထက် လွှဲပြောင်းဆောင်ရွက်ချက်များကို သတင်းပေးပို့ရန် လိုအပ်ခြင်း**

၅၃။ ဘဏ်သည် ဥပဒေပုဒ်မ ၃၂ နှင့် ၃၄ နှင့်အညီ ဗဟိုအဖွဲ့ကသတ်မှတ်ထားသည့် ငွေကြေးပမာဏထက်ကျော်လွန်သည့် ငွေကြေးသွင်းခြင်း၊ ထုတ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းဆိုင်ရာ ဘဏ်လုပ်ငန်းဆောင်ရွက်ချက်များကို FIU သို့ ၂၄ နာရီအတွင်း၊ ဝေးလံသည့် ဒေသများဖြစ်ပါက အလုပ်လုပ်ရက်သုံးရက်အတွင်း ဥပဒေပုဒ်မ ၁၀(က) အရ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က ထုတ်ပြန်သတ်မှတ်သည့် သတင်းပို့ပုံစံကို အသုံးပြု၍ သတင်းပေးပို့ရမည်။

**လျှို့ဝှက်ချက်ပေါက်ကြားသည့်ပြစ်မှုများ**

၅၄။ ဥပဒေပုဒ်မ ၃၃ နှင့် ၆၆ တို့နှင့်အညီ ဘဏ်၏ ဒါရိုက်တာများနှင့်ဝန်ထမ်းများက ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှု ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်သက်ဆိုင်သည့် စုံစမ်းစစ်ဆေးမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ FIU နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း သို့မဟုတ် ဥပဒေပုဒ်မ ၃၂ အရ ပေးပို့သည့် သတင်းပေးပို့ချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍သော်လည်းကောင်း ဆက်သွယ်ဆောင်ရွက်သူတစ်ဦး သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ ထုတ်ဖော်ပြောဆိုခြင်းအား တားမြစ်ထားသည်။ ယင်းသို့ တားမြစ်ခြင်းတွင် ရှေ့နေများ၊ အခွင့်အာဏာအပ်နှင်းထားသည့် အဖွဲ့အစည်းများနှင့် အများပြည်သူဆိုင်ရာ အမှုလိုက်အရာရှိများအပြင် သက်ဆိုင်ရာဘဏ်၏ ဒါရိုက်တာများနှင့် ဝန်ထမ်းများအကြား ဆက်သွယ်ဆောင်ရွက်ချက်များ သို့မဟုတ် ထုတ်ဖော်ပြောဆိုချက်များကို ပိတ်ပင်ခြင်းမရှိစေရ။

၅၅။ ဥပဒေပုဒ်မ ၅၉ နှင့်အညီ သဘောရိုးဖြင့်သတင်းပေးပို့ခြင်း သို့မဟုတ် သတင်းအချက်အလက်ပံ့ပိုးပေးခြင်းအတွက် ဘဏ် သို့မဟုတ် ၎င်း၏သက်ဆိုင်ရာဒါရိုက်တာများ၊ အကြီးအကဲများ၊ အရာရှိများ၊ အစုစပ်ဝင်များ၊ ကျွမ်းကျင်ပညာရှင်များ သို့မဟုတ် ဝန်ထမ်းများကို ပဋိညာဉ်စာချုပ်အရသော်လည်းကောင်း၊ ကျွမ်းကျင်ပညာရှင်များ စောင့်ထိန်းရမည့် လျှို့ဝှက်ချက်အရသော်လည်းကောင်း၊ ဘဏ်လျှို့ဝှက်ဥပဒေအရသော်လည်းကောင်း ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ စည်းမျဉ်းစည်းကမ်းအရဖြစ်စေ သို့မဟုတ် စီမံခန့်ခွဲမှုဆိုင်ရာပြစ်ဒဏ်သတ်မှတ်မှုအရဖြစ်စေ တရားစွဲဆိုခြင်းမရှိစေရ။

**လိုက်နာဆောင်ရွက်မှု၊ စာရင်းစစ်ဆေးခြင်း၊ ဝန်ထမ်းအသစ်များခန့်အပ်ခြင်းအတွက် စစ်ဆေးခြင်းနှင့်ဝန်ထမ်းများအားလေ့ကျင့်သင်ကြားခြင်း**

၅၆။ ဥပဒေပုဒ်မ ၂၈(ခ) အရ ခန့်အပ်ထားသည့် လိုက်နာဆောင်ရွက်ရေးအရာရှိ (Compliance Officer) သည် AML/CFT နယ်ပယ်တွင်သင့်လျော်သည့် အတွေ့အကြုံနှင့်

အရည်အချင်းရှိသူဖြစ်ရမည်ဖြစ်ပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက်ချမှတ်နိုင်ပြီး ထိပ်ပိုင်းစီမံအုပ်ချုပ်သူများ ထံ အစီရင်ခံတင်ပြနိုင်သည့် အခွင့်အာဏာရှိရမည်။

၅၇။ ဘဏ်သည် လိုက်နာဆောင်ရွက်ရေးအရာရှိ(Compliance Officer) ၏ အမည်၊ အရည်အချင်း ဖော်ပြချက်အသေးစိတ်၊ လိပ်စာ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်နှင့် e-mail လိပ်စာတို့ပါဝင်သည့် အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်း ရေးအဖွဲ့တို့သို့ ပေးပို့ရမည်။ ဘဏ်သည် လိုက်နာဆောင်ရွက်ရေးအရာရှိ (Compliance Officer) အပြောင်းအလဲပြုလုပ်သည့်အခါတိုင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ငွေကြေးဆိုင်ရာစုံစမ်း ထောက်လှမ်းရေးအဖွဲ့တို့သို့ ချက်ချင်းအကြောင်းကြားရမည်။

၅၈။ ဘဏ်၏ ဒါရိုက်တာ သို့မဟုတ် ယင်းကဲ့သို့သော ဘဏ်၏ စီမံအုပ်ချုပ်မှုအဖွဲ့သည် ဥပဒေ နှင့် ညွှန်ကြားချက် ပါလိုက်နာဆောင်ရွက်ရန်အချက်များကို လိုက်နာဆောင်ရွက်ရေးအရာရှိ (Compliance Officer) များက လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ အခါအားလျော်စွာ သုံးသပ် စစ်ဆေးရမည်။

၅၉။ လိုက်နာဆောင်ရွက်ရေးအရာရှိ (Compliance Officer) သည် အောက်ပါကိစ္စရပ်များကို ဒါရိုက်တာအဖွဲ့ သို့မဟုတ် စီမံခန့်ခွဲမှုအဖွဲ့သို့ ပုံမှန်အစီရင်ခံတင်ပြရမည်-

(က) တွေ့ရှိသည့်သံသယဖြစ်ဖွယ်သတင်းပေးပို့ချက်နှင့် ဘဏ်၏ ပါဝင်ပတ်သက်မှု၊

(ခ) ဘဏ်၏ AML/CFT မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စနစ်များနှင့်ထိန်းချုပ်မှုများ၊ အားကောင်းခိုင်မာစေရန် လိုက်နာဆောင်ရွက်မှုဝန်ထမ်းများ ကြိုးပမ်းဆောင်ရွက်မှု များ၊ AML/CFT စနစ်နှင့်စပ်လျဉ်း၍ သီးခြားလွတ်လပ်သည့် စာရင်းစစ်အဖွဲ့၏ အကြံပြုချက်များ၊

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ် သို့မဟုတ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ က ပြုလုပ်သည့် on-site စစ်ဆေးခြင်းတွေ့ရှိချက်များ၊

(ဃ) ဘဏ်က အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့် ပြုပြင်ကုစားရန် အရေးယူဆောင်ရွက်ချက်များ ဖော်ပြထားသည့် တင်ပြချက်။

၆၀။ ဘဏ်သည် ယင်း၏ AML/CFT ဆိုင်ရာဌာနတွင်းမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စနစ်များ နှင့် ထိန်းချုပ်ကွပ်ကဲမှုများနှင့်အညီ ဘဏ်၏ လိုက်နာဆောင်ရွက်ရေးအရာရှိ (Compliance Officer) နှင့်ဝန်ထမ်းများက ၎င်းတို့၏တာဝန်များကို ဆောင်ရွက်ကြောင်း သေချာစေရန်လုံလောက် သည့်အရင်းအမြစ်များ (ဝန်ထမ်းများ) နှင့် လွတ်လပ်သော စာရင်းစစ်အဖွဲ့များထားရှိဆောင်ရွက် ရမည်။

၆၁။ ဘဏ်သည် ဝန်ထမ်းများခန့်အပ်သည့်အခါ သင့်လျော်သည့် စံနှုန်းများသတ်မှတ်၍ စိစစ် အကဲဖြတ်သည့် လုပ်ထုံးလုပ်နည်းများရှိရမည်။ ဝန်ထမ်းစိစစ်ခြင်း လုပ်ထုံးလုပ်နည်းများတွင် အောက်ပါတို့ကို သေချာစွာဆောင်ရွက်ထားရမည်-

(က) ဝန်ထမ်းများသည် ၎င်းတို့၏ တာဝန်ဝတ္တရားများဆောင်ရွက်ရန်အတွက် လိုအပ်သည့် စွမ်းဆောင်နိုင်ရည်အဆင့်မြင့်မားမှုရှိရန်၊

(ခ) ဝန်ထမ်းများသည် ဘဏ်၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သည့် အရည်အသွေးနှင့် ရိုးဖြောင့်မှုရှိရန်၊

(ဂ) ဝန်ထမ်းများ၏ ငွေရေးကြေးရေးအခြေအနေအပါအဝင် ဖြစ်ပေါ်လာနိုင်သည့် အကျိုး စီးပွားပဋိပက္ခကို ထည့်သွင်းစဉ်းစားရန်၊

(ဃ) သင့်လျော်မှန်ကန်ခြင်းရှိမှုနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ဥပဒေလိုအပ်ချက်များကို သတ်မှတ်ရန်၊

(င) လိမ်လည်မှု၊ မရိုးမဖြောင့်မှုသို့မဟုတ် အခြားအလားတူပြစ်မှုများ အပါအဝင် ပြစ်မှု များကို ကျူးလွန်သူ သို့မဟုတ် ကျူးလွန်သည်ဟု စွဲဆိုခြင်းခံရသူပုဂ္ဂိုလ်များအား ဘဏ်တွင် အလုပ်လုပ်ကိုင်ခွင့်မပြုရန်။

**မှတ်တမ်းထိန်းသိမ်းထားရှိရန်လိုအပ်ခြင်း**

၆၂။ ဥပဒေပုဒ်မ ၂၃ပါ လိုအပ်ချက်အရဘဏ်များသည် အောက်ပါအချက်အလက်များနှင့်စပ်လျဉ်း ၍ မှတ်တမ်းထိန်းသိမ်းထားရှိရမည်-

(က) အကျိုးခံစားခွင့်ရှိသူပိုင်ရှင်များနှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ မည်သူမည်ဝါ ဖြစ်ကြောင်း သတ်မှတ်ဖော်ထုတ်ခြင်းအတွက် ရယူထားသည့်သတင်းအချက်အလက် များ၏ မိတ္တူများ၊

(ခ) ဆက်သွယ်ဆောင်ရွက်သူ၏ သတင်းအချက်အလက်များအား အလေးထားစိစစ်ခြင်း မှရရှိသည့် မှတ်တမ်းများနှင့် စီးပွားရေးဆောင်ရွက်ချက်များအတွက် စာပေးစာယူ ပြုလုပ်ချက်များနှင့် ဘဏ်စာရင်းအမှုတွဲများ၏ မိတ္တူများကို လုပ်ငန်းဆက်သွယ် ဆောင်ရွက်မှုပြီးနောက် အနည်းဆုံးငါးနှစ်အတွင်း သို့မဟုတ် ဘဏ်နှင့်အခါအားလျော်စွာ ဆက်သွယ်ဆောင်ရွက်သူအတွက် ဘဏ်နှင့် လုပ်ငန်းဆောင်ရွက်ပြီးနောက် အနည်းဆုံးငါးနှစ်အထိ၊

(ဂ) ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန် ကြိုးပမ်းအားထုတ် ပြီးနောက် အနည်းဆုံးငါးနှစ်အတွင်းပြည်တွင်းနှင့် ပြည်ပနှစ်ခုလုံးတွင် ဆောင်ရွက် ခဲ့သည့် အဆိုပါဆောင်ရွက်ချက် သို့မဟုတ် ဆောင်ရွက်ရန်ကြိုးပမ်းချက်များဆိုင်ရာ မှတ်တမ်းများအားလုံး။ အဆိုပါမှတ်တမ်းတွင် ဆက်သွယ်ဆောင်ရွက်သူ တစ်ဦးချင်းစီ

အတွက် လုပ်ငန်းဆောင်ရွက်ချက် ပြန်လည်ပြုလုပ်လိုသည့်အခါ လိုအပ်မည့် အသေးစိတ် အချက်အလက်များပါဝင်ရမည်။

(ဃ) FIU သို့ သတင်းပေးပို့ချက်နှင့်ဆက်စပ်သည့် စာရွက်စာတမ်းများနှင့် ပေးပို့ခဲ့သည့် သတင်းပေးပို့ချက်များ၏ မိတ္တူများကို သတင်းပေးပို့ပြီးသည့်နေ့မှစ၍ အနည်းဆုံး ငါးနှစ်အထိ ထိန်းသိမ်းထားရန်။

**ပြစ်ဒဏ်နှင့်အရေးယူဆောင်ရွက်မှုများ**

၆၃။ ဤညွှန်ကြားချက်ကို မလိုက်နာသည့် မည်သည့်ဘဏ်မဆို ဥပဒေအခန်း ၁၁ နှင့် ပုဒ်မ ၃၇ တွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့် အရေးယူဆောင်ရွက်မှုနှင့်ပြစ်ဒဏ်များကို ကျခံစေရမည်။

၆၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်အမှတ် (၂၁/၂၀၁၅)အား ဤညွှန်ကြားချက်ဖြင့် လွှမ်းမိုးလိုက်သည်။

xxxxxxxxxx

ဥက္ကဋ္ဌ(ကိုယ်စား)

( စိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ )

**ဖြန့်ဝေခြင်း**

နိုင်ငံပိုင်ဘဏ်များ

ပုဂ္ဂလိကဘဏ်များ

နိုင်ငံခြားဘဏ်ဘဏ်ခွဲများ

နောက်ဆက်တွဲ

## ဆက်သွယ်ဆောင်ရွက်သူများအတွက် ဆက်သွယ်ဆောင်ရွက်သူ မည်သူမည်ဝါဖြစ်ကြောင်း စိစစ်အတည်ပြုရန် အချက်များ

ဘဏ်သည် ဆက်သွယ်ဆောင်ရွက်သူအမျိုးအစားပေါ် မူတည်၍ ဆက်သွယ်ဆောင်ရွက်သူများထံမှ အောက်ပါအထောက်အထားများကို ရယူရမည်-

(က) လူပုဂ္ဂိုလ်တစ်ဦးချင်း

(၁) အခြားအမည်အပါအဝင်၊ အမည်အပြည့်အစုံ၊

(၂) အမျိုးသားမှတ်ပုံတင်ကတ်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ နိုင်ငံကူးလက်မှတ်အမှတ်၊

(၃) အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရမည့် လိပ်စာ၊

(၄) မွေးနေ့သက္ကရာဇ်၊

(၅) နိုင်ငံသား၊

(၆) အလုပ်အကိုင်၊

(၇) ဖုန်းနံပါတ်၊

(၈) ဓာတ်ပုံ၊

(၉) ဘဏ်၏ ရှိရင်းစွဲစာရင်းပိုင်ရှင်ဖြစ်သော မိတ်ဆက်ထောက်ခံပေးသူနှစ်ဦး၏ အမည်နှင့်ဘဏ်စာရင်းအမှတ်။

ဘဏ်စာရင်းပူးတွဲပိုင်ဆိုင်သည့်ကိစ္စရပ်များတွင် ဘဏ်သည် အထက်ပါသတင်းအချက်အလက်ကို ဘဏ်စာရင်းပိုင်ဆိုင်သူအားလုံးထံမှ ရယူရမည်။

(ခ) ယုံကြည်အပ်နှံခြင်းနှင့် ပေးရန်တာဝန်ကန့်သတ်ထားသော အစုစပ်လုပ်ငန်းများ၊ အစုစပ်လုပ်ငန်းများအပါအဝင် ဥပဒေအရဆောင်ရွက်သောအစီအစဉ်များနှင့် ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်းများ

(၁) ကုမ္ပဏီ၏အမည်၊

(၂) ရုံးချုပ်၏လိပ်စာ၊

(၃) လိပ်စာအပြည့်အစုံ (ဖုန်းနံပါတ်နှင့်ဖက်စ်အပါအဝင်)၊

(၄) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ အဖွဲ့အစည်း မှတ်ပုံတင်လက်မှတ်၊

(၅) အစုစပ်လုပ်ငန်းသဘောတူညီချက်၊

(၆) ယုံကြည်အပ်နှံခြင်းစာချုပ်၊

(၇) ဒါရိုက်တာအဖွဲ့၏ အမည်နှင့်လိပ်စာ (ဖုန်းနံပါတ်၊ ရနိုင်သမျှ)၊

(၈) ဒါရိုက်တာများ၊ အစုရှယ်ယာရှင်များ၊ အစုစပ်လုပ်ငန်းရှင်များ၏ သက်သေခံအထောက်အထားများ၊

(၉) ယုံကြည်အပ်နှံခြင်းနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူများနှင့် အကာအကွယ်ပေးသူများ၊ ယုံကြည်အပ်နှံခြင်းခံရသူများ၊ အကျိုးစီးပွားများကို ကိုယ်စားပြုစီစဉ်ဆောင်ရွက်ပေးသူများ၏ သက်သေခံအထောက်အထားများ၊

(၁၀) ဒါရိုက်တာအဖွဲ့ဆုံးဖြတ်ချက်ဖြင့် ခွင့်ပြုထားသည့် ဘဏ်စာရင်းဖွင့်လှစ်ခြင်းနှင့်လုပ်ငန်းဆောင်ရွက်ခြင်း၊

(၁၁) ငွေရေးကြေးရေးဆိုင်ရာ ဘဏ်လုပ်ငန်းဆောင်ရွက်ချက်များ ဆောင်ရွက်ရန်အတွက် အမှုဆောင်အရာရှိချုပ် သို့မဟုတ် အခြားအရာရှိများသို့ ဒါရိုက်တာအဖွဲ့က အခွင့်အာဏာအပ်နှင်းထားသည့်စာ၊

(၁၂) ဘဏ်နှင့်စပ်လျဉ်း၍ ကုမ္ပဏီ/ စီးပွားရေးလုပ်ငန်းကို ကိုယ်စားပြုရန် အခွင့်အာဏာအပ်နှင်းထားခြင်းခံရသည့် လူပုဂ္ဂိုလ်မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ဖော်ထုတ်ရန် သက်သေခံအထောက်အထားများ၊

ဘဏ်သည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ထောက်ခံချက်နှင့်အတူ ကုမ္ပဏီ/ စီးပွားရေးလုပ်ငန်းက ပေးပို့သည့် သတင်းအချက်အလက်များ၏ မှန်ကန်မှုကိုအတည်ပြုစစ်ဆေးရမည်။

ပြည်ပတွင် ဖွဲ့စည်းထားသည့် သို့မဟုတ် ပြည်ပတွင်မှတ်ပုံတင်ထားသည့် လုပ်ငန်းအဖွဲ့အစည်းများအတွက် အထက်ဖော်ပြပါ စာရွက်စာတမ်းများနှင့် အဆင့်တူစာရွက်စာတမ်းများကို ရယူထားရမည်။ ဘဏ်သည် အဆိုပါနိုင်ငံခြားကုမ္ပဏီများအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အတည်ပြုစာနှင့်သက်ဆိုင်ရာ မြန်မာသံရုံး၏ ထောက်ခံစာတို့အရ တင်ပြသောစာရွက်စာတမ်းများ၏ မှန်ကန်မှုကို အတည်ပြုစစ်ဆေးရမည်။

(ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGO)

(၁) အစိုးရမဟုတ်သောအဖွဲ့အစည်း၏အမည်၊

(၂) ရုံးချုပ်လိပ်စာ၊

(၃) အဖွဲ့အစည်းမှတ်ပုံတင်လက်မှတ်၊

(၄) NGO ၏ဖွဲ့စည်းပုံ၊

(၅) အုပ်ချုပ်မှုကော်မတီ၏အမည်နှင့်လိပ်စာ၊

(၆) တယ်လီဖုန်းနံပါတ်၊

(၇) အဆင့်မြင့်စီမံခန့်ခွဲသူများ၏အမည်နှင့်နေရပ်လိပ်စာ၊

(၈) အခြားလုပ်ငန်းဆောင်ရွက်သည့်နေရာနှင့် ကွဲလွဲမှုရှိပါကမှတ်ပုံတင်ထားသည့် နေရပ်လိပ်စာ၊

(၉) ဘဏ်စာရင်းဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ အုပ်ချုပ်မှုကော်မတီ၏ ဆုံးဖြတ်ချက်၊

(၁၀) NGO ၏ ဒါရိုက်တာများ/ အဆင့်မြင့်အရာရှိများ၏ သက်သေခံအထောက် အထားများ၊

(၁၁) ငွေရေးကြေးရေးဆိုင်ရာ ဆောင်ရွက်ချက်များအတွက် ဖွင့်လှစ်ထားသည့် ဘဏ်စာရင်းများအား အသုံးပြုဆောင်ရွက်ခြင်းအတွက် အခွင့်အာဏာ ပေးစာ၊

(၁၂) ဘဏ်နှင့်စပ်လျဉ်း၍ အစိုးရမဟုတ်သော အဖွဲ့အစည်းကို ကိုယ်စားပြုရန် အခွင့်အာဏာအပ်နှင်းထားခြင်းခံရသည့် လူပုဂ္ဂိုလ်မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ဖော်ထုတ်ရန် သက်သေခံအထောက်အထားများ။